မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ပဝဂ်(ဓမ္မပဒ-၅၀)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် ၂၀၂၆ ခုနှစ်၊ ဧပြီ ၂၀ ရက်၊ တနလာ်နေ့ အတွဲ (၆၅)၊ အမှတ်(၁၉၇)

ပြည်တွင်းထုတ်ဒီဇယ်ဆီ တစ်ဂါလန်လျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများထံ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိ



မကွေး ဧပြီ ၁၉

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့် ပူးပေါင်း၍ ပြည်တွင်းထုတ် ဒီဇယ်ဆီများကို ပွင့်ဖြူမြို့နယ်နှင့် နတ်မောက်မြို့နယ်အတွင်းရှိ တောင်သူများထံ အထူးသက်သာသော ဈေးနှုန်းဖြင့် လုပ်ငန်းခွင်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ဒီဇယ်ဆီ ၂၀၅၆၉ ဂါလန် တိုက်ရိုက်ရောင်းချခဲ့

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့ ပွင့်ဖြူမြို့နယ်အတွင်း ရွေစပါးစိုက်ပျိုးရေးနှင့် ဆီထွက်သီးနှံ ထွန်ယက်စိုက်ပျိုးရေး အတွက် မြေပြင်ရန်ကျန်ရှိသော စိုက်ကေ ၂၀၅၆၉ ကေအတွက် တစ်ကေလျှင် တစ်ဂါလန်နှုန်းဖြင့် ပြည်တွင်းထုတ် ဒီဇယ်ဆီ ၂၀၅၆၉ ဂါလန်ကို ကျေးရွာများအတွက် စုရုပ်ငါးနေရာ၌ တောင်သူများ လက်ဝယ်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၄ ❑

ယနေ့ ဖတ်စရာ

ဆောင်းပါး

အနာဂတ်မျက်နှာစာသစ် လှပရန် ပစ္စုပ္ပန်ကဏ္ဍသစ် ဖွင့်သူများ

စာမျက်နှာ ❖ ၆

ဆောင်းပါး

အသိဉာဏ်ရတနာဖြင့် နိုင်ငံတော်၏ အနာဂတ်ကို ထွန်းညှိခြင်း

စာမျက်နှာ ❖ ၁၀

နိုင်ငံတကာသတင်း

အာဖဂန်နစ္စတန်နိုင်ငံတစ်လွှား ရေလွှမ်းမိုးမှုဒဏ်ခံစားခဲ့ရသည့် လူပေါင်း ၇၃၀၀၀ ကျော်ရှိ

စာမျက်နှာ ❖ ၁၄

ဆောင်းပါး

ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၂၆)

သြစတြေးလျအထက်တန်းကျောင်းများနှင့် စိုက်ပျိုးမွေးမြူရေး ဘာသာရပ်များဆက်စပ်မှု

စာမျက်နှာ ❖ ၁၆

နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၁၉-၄-၂၀၂၆ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ	အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ်	အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက်
၁။	ချောက်မြို့	၄၃.၂	၁၀၉.၈
၂။	မင်းဘူးမြို့	၄၂.၈	၁၀၉.၀
၃။	မကွေးမြို့	၄၂.၄	၁၀၈.၃
၄။	မြင်းခြံမြို့	၄၂.၀	၁၀၇.၆
၅။	စစ်ကိုင်းမြို့	၄၂.၀	၁၀၇.၆
၆။	မန္တလေးမြို့	၄၁.၅	၁၀၆.၇
၇။	ညောင်ဦးမြို့	၄၁.၅	၁၀၆.၇
၈။	အောင်လံမြို့	၄၁.၄	၁၀၆.၅
၉။	တံတားဦး(လေကြောင်းမိုးလေဝသ)	၄၁.၀	၁၀၅.၈
၁၀။	သာယာဝတီမြို့	၄၁.၀	၁၀၅.၈
၁၁။	ပခုက္ကူမြို့	၄၁.၀	၁၀၅.၈
၁၂။	တောင်တွင်းကြီးမြို့	၄၁.၀	၁၀၅.၈
၁၃။	မြင်းမူမြို့	၄၁.၀	၁၀၅.၈

မိမိတို့နေထိုင်ရာ မြို့ပြဒေသများ စိမ်းလန်းစိုပြည် ခေတ်မီသာယာရေး

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အစီရင်ခံစာအရ မြန်မာနိုင်ငံ လူဦးရေ၏ ၃၁ ရာခိုင်နှုန်း (၁၅ ဒသမ ၇ သန်း) သည် မြို့ပြများတွင် နေထိုင်ကြသည်ဟု သိရသည်။ မြို့ပြ ရာခိုင်နှုန်း အများဆုံးဒေသများမှာ ရန်ကုန်တိုင်းဒေသကြီး ၆၈ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီး ၃၄ ရာခိုင်နှုန်း၊ မွန်ပြည်နယ် ၃၅ ရာခိုင်နှုန်းနှင့် နေပြည်တော် ၃၅ ရာခိုင်နှုန်းတို့ ဖြစ်ကြသည်။ ထို့အပြင် ပြည်တွင်း၌ လူဦးရေ ရွှေ့ပြောင်းမှုများ တိုးပွားလာခဲ့ရာ လူ ၃ ဒသမ ၉ သန်းခန့်သည် ပြည်တွင်း၌ ရွှေ့ပြောင်းသွားလာခဲ့ ကြကြောင်းနှင့် အဓိကဦးတည်ရာဒေသများမှာ ရန်ကုန်မြို့နှင့် နေပြည်တော်တို့ဖြစ်ပြီး ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် လည်း အသားတင်ရွှေ့ပြောင်းနှုန်းများ အပေါင်းလက္ခဏာ ပြနေ သည်ဟု ဆိုသည်။

မြို့ပြဒေသများသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့၏ အချက်အချာ နေရာများဖြစ်သည်နှင့်အညီ ရွှေ့ပြောင်းဝင်ရောက်လာသူများ များပြားလာသည်နှင့်အမျှ မြို့များ မှာလည်း တဖြည်းဖြည်းကြီးထွားလာကြသည်။ ရွှေ့ပြောင်းကြရ ခြင်း၏ အဓိကအကြောင်းရင်းမှာ အလုပ်အကိုင်၊ စီးပွားရေး စသည့် အကြောင်းများကြောင့်ဖြစ်ပြီး ရွှေ့ပြောင်းမှု စုစုပေါင်းတို့၏ ၄၃ ရာခိုင်နှုန်းအထိရှိသည်ကို တွေ့ရသည်။ လက်နက်ကိုင် ပဋိပက္ခများ ကြောင့် ရွှေ့ပြောင်းမှုမှာမူ တစ်နိုင်ငံလုံးအနေဖြင့် ၃ ဒသမ ၃ ရာခိုင်နှုန်းသာရှိခဲ့သည်။ မည်သည့်အကြောင်းများကြောင့်ဖြစ်စေ မြို့ပြဒေသများသို့ ဝင်ရောက်သူများလာသည်နှင့်အမျှ ၎င်းတို့နှင့် ဆက်စပ်၍ အိမ်ရာ၊ ရေနှင့်သန့်ရှင်းရေး၊ စွမ်းအင်၊ ဆက်သွယ် သွားလာရေး၊ လူမှုရေး၊ ကျန်းမာရေးစသည်ဖြင့် လိုအပ်ချက်များမှာ လည်း မြင့်မားလာသည်။

မြို့ပြများသို့ ရွှေ့ပြောင်း အခြေချနေထိုင်မှုများသည် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ပိုမိုများပြားလျက်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ တစ်ဝန်းရှိ ကျေးလက်နေသူ ၃ ဒသမ ၂ ဘီလီယံမှ ၅ ဘီလီယံအထိ မြို့များသို့ ရွှေ့ပြောင်းနေထိုင်ကြမည်ဟု ကုလသမဂ္ဂက ခန့်မှန်း ထားသည်။ ၂၀၅၀ ပြည့်နှစ်သို့ရောက်လျှင် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူဦးရေ၏ ၆၄ ရာခိုင်နှုန်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများရှိ လူဦးရေ၏ ၈၆ ရာခိုင်နှုန်းမှာ မြို့ပြဒေသများတွင် နေထိုင်လာကြမည်ဖြစ်ရာ မြို့ကြီးပြကြီးတွင် နေထိုင်ကြသူများသည် တစ်ကမ္ဘာလုံး၌ ငါးဘီလီယံခန့်ရှိလာမည်ဖြစ်ပြီး အဓိကအားဖြင့် အာရှနှင့် အာဖရိက တို့တွင် ဖြစ်မည်ဟုဆိုသည်။ မြို့ကြီးများသို့ ပြောင်းရွှေ့ဝင်ရောက်မှု များပြားလာရာတွင် အဓိကအခက်အခဲမှာ နေထိုင်ရေးဖြစ်ပြီး ယင်းအချက်ကြောင့်ပင် အခြေခံလူတန်းစားများ နေထိုင်ရာ ပျံကျ ရပ်ကွက်များ သို့မဟုတ် ကျူးကျော်ရပ်ကွက်များမှာ မြို့ကြီးများ၏ ပတ်ဝန်းကျင်များ၌ ပေါ်ပေါက်လာရခြင်းဖြစ်သည်။ အဆိုပါ ရပ်ကွက်များမှာ စနစ်တကျတည်ဆောက်ထားခြင်း မဟုတ်သည့် အလျောက် လူနေမှုစနစ် နိမ့်ကျခြင်းနှင့် အခြား လူမှုရေး၊ ကျန်းမာရေးနှင့် အခြားပြဿနာများစွာတို့ ဖြစ်ပွားမှုကို တွေ့ရှိ နိုင်သည်။

မြို့ပြများ ကြီးထွားကျယ်ပြန့်လာခြင်းနှင့် ပျံကျကျူးကျော် နေထိုင်မှုများ များပြားလာခြင်းတို့က မြို့တွင်နေထိုင်ကြသူများ အတွက် ကျန်းမာရေးဆိုင်ရာ မကောင်းသော အကျိုးသက်ရောက်မှု များဖြစ်ပေါ်စေကြောင်း ပညာရှင်များက သတိပေးထားကြသည်။ မြို့တွင် နေထိုင်သူများမှာ အထူးသဖြင့် နှလုံး၊ ဆီးချိုသွေးချို၊ သွေးတိုး၊ အဆုတ်နှင့် ကင်ဆာအမျိုးမျိုးတို့ကဲ့သို့သော မကူးစက် နိုင်သည့် ရောဂါများအဖြစ်များလျက်ရှိသည်ဟု ဆိုသည်။ ကျန်းမာရေးနှင့်မညီညွတ်သော မြို့ပြလူနေမှုပုံစံများအရ နေရာ ထိုင်ခင်း ကျဉ်းကျဉ်းတွင် ပြွတ်သိပ်နေထိုင်ရခြင်း၊ ရေ၊ အစားအစာနှင့် ပတ်ဝန်းကျင် ညစ်ညမ်းခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်း၊ ဖြစ်သလို စားသောက်ကြရခြင်း စသည်တို့ကြောင့်လည်း ကူးစက် ရောဂါများဖြစ်ပွားပါက လျင်လျင်မြန်မြန် ကူးစက်ပျံ့နှံ့ပြီး အသက် အန္တရာယ်ထိခိုက်စေသည်အထိ ပြင်းထန်နိုင်စေသည်။

သို့ဖြစ်ရာ မြို့ပြဒေသများသည် မြို့ပြနေသူများအတွက် ကိုယ်ရောစိတ်ပါကျန်းမာစေပြီး နေ့စဉ်လူမှုစီးပွားဘဝများ ကို လွယ်ကူအဆင်ပြေလျင်မြန်စွာ ဆောင်ရွက်နိုင်ကြစေရန် စိမ်းလန်းစိုပြည်သော၊ သန့်ရှင်းသပ်ရပ်သော၊ ခေတ်နှင့် ရင်ပေါင် တန်းနိုင်သောမြို့များဖြစ်ရန်လိုသည်။ မြို့ပြနေ ပြည်သူများအနေ ဖြင့်လည်း မိမိတို့နေထိုင်ရာ မြို့များကို (Green, Clean and Smart Cities) များဖြစ်လာအောင် မိမိတို့ တတ်နိုင်သမျှ၊ တတ်စွမ်းသမျှ ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုသည်။ မိမိတို့၏ အိမ်ရာ အဆောက်အအုံများ သပ်ရပ်လှပရေး၊ မိမိပတ်ဝန်းကျင်သန့်ရှင်းရေး၊ သစ်ပင်ပန်းမန်များဖြင့် စိမ်းလန်းစိုပြည်ရေး စသည်တို့ကို အိမ်တိုင်း က ဆောင်ရွက်ခြင်း၊ မိမိတို့လမ်းအလိုက်၊ ရပ်ကွက်အလိုက် စသည် ဖြင့် စည်းလုံးညီညာ တက်ကြွရွင်လန်းစွာ ဖော်ဆောင်ကြခြင်းအားဖြင့် ရပ်ရွာတစ်ခုလုံးသည် နေချင့်စဖွယ် တင့်တယ်လှပလာမည်ဖြစ်သလို ကိုယ်ရောစိတ်ပါ ကျန်းမာခြင်းနှင့်လည်း ပြည့်စုံလာကြပါမည့် အကြောင်း။ ။

၁၉ - ၄ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိ လိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါ အဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိ လိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်း နှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှု ရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့ မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်း ဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေး ကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စု ဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက် သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိ လိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း မှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူ ခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလို ပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်



ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀ - ၄ - ၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိး	တောင်ကြီး	လျှိုင်ကော်	ဟားခါး
92 Ron	၄၇၃၅	၄၉၂၀	၄၈၆၀	၄၇၅၀	၄၉၂၀	၄၉၃၅	၄၉၈၅	၄၈၃၀	၄၉၈၅	၅၃၀၅	၄၈၅၅	၅၁၀၅	၄၉၅၅	၄၉၁၀	၄၉၁၀	၅၁၂၀
95 Ron	၄၉၄၅	၅၁၃၅	၅၀၇၅	၄၉၆၅	၅၁၃၅	၅၁၄၅	၅၂၀၀	၅၀၄၅	၅၂၀၀	၅၅၁၅	၅၀၆၅	၅၃၂၅	၅၁၇၀	၅၁၂၅	၅၁၂၅	၅၃၃၅
HSD (500 ppm)	၆၄၈၅	၆၆၆၅	၆၆၀၅	၆၅၀၀	၆၆၆၅	၆၆၇၅	၆၇၂၅	၆၅၈၀	-	၇၀၃၀	၆၆၀၀	၇၄၅၀	၆၇၀၀	၆၆၅၅	၆၆၅၅	၆၈၆၀
HSD (50 ppm)	၇၇၅၅	၇၉၄၀	၇၈၈၀	၇၇၇၀	၇၉၄၅	၇၉၅၅	၈၀၀၅	၇၈၅၀	၈၀၀၅	၈၃၂၅	၇၈၇၅	၈၁၀၅	၇၉၈၀	၇၉၃၀	၇၉၃၀	၈၁၄၅
HSD (10 ppm)	၇၇၅၅	၇၉၄၀	၇၈၈၀	၇၇၇၀	၇၉၄၅	၇၉၅၅	၈၀၀၅	၇၈၅၀		၈၃၂၅	၇၈၇၅	၈၁၀၅	၇၉၈၀	၇၉၃၀	၇၉၃၀	၈၁၄၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၄၉၂	၄၆၁၆
95 Ron	၄၆၉၉	၄၈၂၇
HSD (500 ppm)	၆၂၀၉	၆၃၆၃
HSD (50 ppm)	၇၄၁၇	၇၅၉၆
HSD (10 ppm)	၇၄၁၇	၇၅၉၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ် ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	ဟန်လင်းအောင်	အကြီးတန်း	-	ကျော်သူဝင်း၊ တင်မောင်လွင်၊
စာတည်းမှူး	-	ခင်ရတနာ	သတင်းထောက်များ		ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
စာတည်းများ	-	ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း	ဓာတ်ပုံသတင်းထောက်	-	တင်စိုး
ဘာသာပြန်စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
			အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
သုတေသန	-	အိအိခင်နှင့် အဖွဲ့			
စာပြင်	-	ဇော်မင်းသန်းနှင့် အဖွဲ့			

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း တပ်ကုန်းမြို့နယ်ရှိ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ

နေပြည်တော် ဖြေ ၁၉

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းသည် နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးအောင်ဇေယျနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။ ဦးစွာ "နိုင်ငံရေးအခင်းအကျင်းအသစ်နှင့် ထွန်းလင်းတောက်ပလာမည့် မြန်မာ့အနာဂတ်" Video Clip ဖွင့်လှစ်ပြသမှုအား အတူတကွ ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌဦးမောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါသည် နိုင်ငံကို တည်ငြိမ်အေးချမ်းမှုနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် သစ်တစ်ရပ်အဖြစ် ပေါ်ထွန်းလာစေရန် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက် ကြရမည့်အချိန်ဖြစ်ပါကြောင်း၊ မြန်မာ့နိုင်ငံရေး အခင်းအကျင်းအသစ် နှင့်အတူ နိုင်ငံတော်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် နိုင်ငံသူ/ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းစည်း လုံးလုံး၊ ညီညီညွတ်ညွတ်၊ တက်ညီလက်ညီ၊ ပိုင်းဝန်းလိုက်ပါမှုဖြင့် ကြိုးပမ်းတည်ဆောက်ကြရန် နှိုးဆော်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အခမ်းအနား တက်ရောက်လာကြသူများ၏ မေးမြန်း ဆွေးနွေးမှုများအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြား ကြပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် မန္တလေးမြေငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြို့နယ်ဗဟိုသာသနာပြု ဗိမာန်တော်ကြီး အသစ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြ ကြပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားကာ တည်ဆောက်ရေးလုပ်ငန်းခွင် အတွင်း လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ယာပုံ)**

အဆိုပါ တပ်ကုန်းမြို့ ဗဟိုသာသနာပြုဗိမာန်တော်ကြီးမှာ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးမြေငလျင်ကြီး ဒဏ်ကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့ရာမှ ယခုအခါ လှူဒါန်းရရှိငွေဖြင့် နှစ်ထပ်သံကူကွန်ကရစ်အဆောက်အအုံ၊ ဓာတ်လှေကားတစ်စင်း အပါ အဝင်ဖြင့် တည်ဆောက်ရေးကာလ နှစ်နှစ်သတ်မှတ်၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်က ပန်္နက်တင်ပြီး စတင်ဆောက်လုပ်နေခြင်းဖြစ် သည်။ မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်



အုန်းသည် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း နှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Auditorium ခန်းမ၌ ဝန်ထမ်း များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ၏ ငါးနှစ်တာကာလအတွင်း အခက်အခဲများကြားမှ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများအား ဝန်ထမ်းများ သိရှိ နားလည်သဘောပေါက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လွှတ်တော်အတွင်းမှ ဆောင်ရွက်ချက်များကို မီဒီယာကဏ္ဍမှတစ်ဆင့် ပြည်သူများသိရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံရေးအခင်းအကျင်းအသစ်နှင့်အတူ စိတ်သစ်လူသစ် ခွန်အားသစ် များဖြင့် နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ပါစေကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက နှုတ်ခွန်းဆက် စကားပြောကြားရာတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အရောင် အသွေးစုံလင်သည့် ပန်းဥယျာဉ်ကြီးတစ်ခုကဲ့သို့ တိုင်းရင်းသားလူမျိုး ပေါင်းစုံ စုစည်းတာဝန်ထမ်းဆောင်နေသည့် ဌာနကြီးတစ်ခု ဖြစ်ပါ ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများပီပီ နိုင်ငံတော်အပေါ် သစ္စာစောင့်သိကြရ မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏ နာ၊ မျက်စိ သဖွယ် အစိုးရ၏ဆောင်ရွက်ချက်များအပေါ် ပြည်သူများသိရှိနားလည် ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာအောင် မီဒီယာကဏ္ဍမှတစ်ဆင့် ကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိသားစုစိတ်ဓာတ်ဖြင့် ပိုင်းဝန်း၍ ပူးပေါင်းဖြေရှင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စု ဝန်ကြီးတို့က ဝန်ထမ်းများအတွက် ငွေသားကဲစမ်းမဲများဖောက်၍ မဲပေါက်သည့်ဝန်ထမ်းများအား လက်ရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ မင်္ဂလာဒုံပျိုးဥယျာဉ်အား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖြေ ၁၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဆန်းဦးသည် ယနေ့နံနက်ပိုင်း တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံ မြို့နယ် မင်္ဂလာဒုံပျိုးဥယျာဉ်သို့သွားရောက် စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက ၂၀၂၆ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပနိုင်ရေး၊ ဒေသတွင်း စိမ်းလန်း စိုပြည်စေရန်အတွက် လူထုဖြန့်ပျိုးပင်များ ဖြန့်ဝေပေးနိုင်ရေးနှင့် နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး က နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပွဲ ကျင်းပနိုင်ရေးအတွက် မြေနေရာကြိုတင် ပြင်ဆင်ထားရှိရန်နှင့် အမြင့်သုံးပေနှင့်



အထက် ပျိုးပင်များကို စုဆောင်းထားရှိ ရန်၊ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန် ချက်အရ ရာသီဥတုပြောင်းလဲမှုများ လျော့ချရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းဖြစ်သော သစ်ပင် စိုက်ပျိုးခြင်းလုပ်ငန်းများကို အရှိန်အဟုန် မြှင့်ဆောင်ရွက်ကြရန်မှာကြားပြီး ပျိုး ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ရွှေပြည်သာမြို့နယ် ဝါးတစ်ရာ စက်မှုဇုန်အတွင်းရှိ ပြည်တွင်း ရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ် (၉)သစ်စက်၌ မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြ မှုများအပေါ် သိလိုသည်များကို မေးမြန်း ပြီး လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးရုံး အစည်း အဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး အတွင်း ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန နှင့် လုပ်ငန်းဌာနများမှ တာဝန်ရှိသူများ နှင့် တွေ့ဆုံရာတာဝန်ရှိသူများ၏ တင်ပြ ချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များ ကို ပြည့်ဝစွာအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော်တို့အား ဖူးမျှော်ကြည်ညိုခြင်း

ရန်ကုန် ဧပြီ ၁၉

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအား ဖူးမျှော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ် (၇၀) ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆရာတော်ကြီးထံမှ ဩဝါဒခံယူသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်၊ မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရအား သွားရောက်ဖူးမျှော်ကြည်ညိုး၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်ကြီးထံမှ ဩဝါဒခံယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဆရာတော်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီးပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ရှိ နှစ်ပေါင်း ၁၁၀ နှစ် သက်တမ်းရှိသော မဟာသိမ်တော်ကြီးသို့ရောက်ရှိပြီး အဆိုပါမဟာသိမ်တော်ကြီး ပြန်လည်ပြုပြင်တည်ဆောက်ရေးအခြေအနေများကို အသေးစိတ်ကြည့်ရှုစစ်ဆေးကာ မဟာသိမ်တော်ကြီး ပြုပြင်တည်ဆောက်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ် (၇၀) ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ သိရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ဌာနဆိုင်ရာများနှင့် ဆဝံကော်မတီ အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နှစ်(၇၀)ပြည့် အထိမ်းအမှတ် ခမ်းနားကြီးကျယ်စွာ ကျင်းပနိုင်ရေး

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြတ်စွာဘုရားပရိနိဗ္ဗာန်စံပြီး သုံးလနှင့် လေးရက်အကြာ (ဘီစီ ၅၄၃) မှစ၍ ရာဇဂြိုဟ်ပြည်၊ ဝေသာလီပြည်၊ ပါဋလိပုတ်ပြည်နှင့် သိရိလင်္ကာနိုင်ငံတို့တွင် စတုတ္ထအကြိမ်မြောက် သင်္ဂါယနာတင်တော်မူခဲ့ကြပြီး ပိဋကတ်တော်များကို ပိုမိုထိန်းသိမ်း စောင့်ရှောက်နိုင်စေရန် အတွက် မြန်မာနိုင်ငံ မန္တလေးမြို့၌ ပဋ္ဌမသင်္ဂါယနာကို လည်းကောင်း၊ ရန်ကုန်မြို့ သိရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆဋ္ဌသင်္ဂါယနာကိုလည်းကောင်း တင်တော်မူခဲ့ကြရာ ယခုလာမည့် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဆဋ္ဌသင်္ဂါယနာတင်ခဲ့သည်မှာ နှစ် (၇၀) ပြည့်မြောက် မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ခမ်းနားကြီးကျယ်စွာ ကျင်းပနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က မဟာမင်္ဂလာအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လုပ်ငန်းပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများနှင့် သက်ဆိုင်ရာ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို အသေးစိတ် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် လိုအပ်ချက်များကို မှာကြားသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားတွင် ထည့်သွင်းကျင်းပမည့် ကျောက်စာတိုင် တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး အထိမ်းအမှတ် ကျောက်စာတိုင်အား သတ်မှတ်ရက်အတွင်း ပြီးစီးနိုင်ရေး အတွက် အသေးစိတ်မှာကြားသည်။

ယင်းနောက် အထိမ်းအမှတ်ပြခန်း တည်ဆောက်ရေး လုပ်ငန်းခွင်ဖြစ်သော မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အတွင်းပတ်လမ်းသို့ရောက်ရှိပြီး ပထမသင်္ဂါယနာမှ ဆဋ္ဌသင်္ဂါယနာအထိ အဆင့်ဆင့် သင်္ဂါယနာတင်ခဲ့သည့် ပြခန်းများ၊ ပြကွက်များနှင့် မျက်မှောက်ကာလတွင် သာသနာတော် တိုးတက်ထွန်းကားပြန့်ပွားရေးအတွက် နိုင်ငံတော်အစိုးရ၏ သာသနာပြုလုပ်ငန်း ဆောင်ရွက်ချက် ပြကွက်များအား အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

သဃ်ဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးနှင့်ဇနီး ထိုင်းရိုးရာသင်္ကြန်ပွဲတော် ၂၀၂၆ (Songkran Festival 2026) သို့ တက်ရောက်

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်မြို့အခြေစိုက် ထိုင်းနိုင်ငံသံရုံးက ကျင်းပသည့် ထိုင်းရိုးရာသင်္ကြန်ပွဲတော် ၂၀၂၆ (Songkran Festival 2026) အခမ်းအနားကို ယနေ့ ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ ထိုင်းသံအမတ်ကြီးနေအိမ်၌ ကျင်းပသည်။

အခမ်းအနားသို့ သဃ်ဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးနှင့် ဇနီး၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် ဇနီး၊ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Yordying Sypasri နှင့် တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးနှင့် ဇနီး၊ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ထိုင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Yordying Supasri က အဖွင့်နှုတ်ခွန်းဆက် စကားပြောကြားပြီး ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ် H.E. Mr. Kallayana Vipattipumiiprates က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် သဃ်ဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး **(အပေါ်ပုံ)** မင်္ဂလာမောင်းသုံးချက် တီးခတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ထိုင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ်နှင့် အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များသည် စုပေါင်းမှတ်တမ်းတင်ခတ်ပုံရိုက်ကြပြီး မြန်မာ၊ ထိုင်းရိုးရာယဉ်ကျေးမှုအဖွဲ့တို့က အကအလှပများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကာ ခင်းကျင်းထားသော ထိုင်းရိုးရာစားသောက်ဆိုင်များကို လှည့်လည်ကြည့်ရှုကြသည်။ **သတင်းစဉ်**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ရှိ မန္တလေးငလျင်ကြောင့် ပျက်စီးသွားသောလမ်း၊ တံတားများ ပြုပြင်ပြီးစီးမှုနှင့် ဆွာချောင်းတံတားအသစ် ပြန်လည်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့တွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော် - ရန်ကုန်လမ်းပိုင်း) တွင် မန္တလေးငလျင်ကြောင့် ပျက်စီးသွားသော လမ်း၊ တံတားများအား ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် မိုင်တိုင်အမှတ် (၁၆၅/၁) ရှိ ဆွာချောင်းတံတား အသစ်တည်ဆောက်နေသည့် အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ်(၁၆၅/၁)ရှိဆွာချောင်းတံတားသို့ရောက်ရှိပြီး လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေးအဖွဲ့တာဝန်ခံက ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော တံတားနေရာတွင် တံတားအသစ် အစားထိုးတည်ဆောက်ရာတွင် ငလျင်ပြင်းအား ၈ အထိခံနိုင်သောဒီဇိုင်းရေးဆွဲဆောင်ရွက်ထားသည့်အခြေအနေ၊ ဖြေငလျင်ဒဏ်ခံနိုင်သည့် ဒီဇိုင်းရရှိရေးအတွက် ဖြေစမ်းသပ်ခြင်းလုပ်ငန်းများ အပြင် ကျွမ်းကျင်ပညာရှင်များဖြင့် ဘူမိရူပဗေဒတိုင်းတာခြင်း (Geophysical Survey) ရလဒ်များအရ (Soil Improvement) မြေသားခံနိုင်ဝန်ဖြင့်တက်စေရေး ဆောင်ရွက်ခဲ့မှုတည်ဆောက်ရေးလုပ်ငန်းစဉ်များအရ Pile Cap , Pier Shaft နှင့် Top Beam များ ပြုလုပ်ခြင်း၊ Steel Plate Girder များ တပ်ဆင်ခြင်းနှင့် ကြမ်းခင်းကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းပြီးစီးအောင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။



တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ယခုဆွာချောင်းတံတားနေရာသည် ရာဂဟိမုန်တိုင်းကြောင့် ရေကြီးရေလျှံ၍ ပြင်းထန်သော ရေတိုက်စားမှုခံရခြင်း၊ မန္တလေးငလျင်လှုပ်ခဲ့စဉ် တွင်လည်း ငလျင်ဒဏ်အား ပြင်းထန်စွာ ခံရသည့်အပိုင်းတွင် ပါဝင်ခဲ့ခြင်းတို့ကြောင့် သဘာဝဘေးအန္တရာယ် မကြာခဏခံရလေ့ရှိသည့် နေရာဖြစ်သဖြင့် ငလျင်ဒဏ်ခံနိုင်သည်အထိ စဉ်းစားဆောင်ရွက်ခဲ့ပါကြောင်း၊ တည်ဆောက်ရေးတာဝန်ယူထားသူများအနေဖြင့် တံတားအသစ် ပြန်လည်တည်ဆောက်ရာတွင် ဒီဇိုင်းပါပုံစံများအတိုင်း သတ်မှတ်စံချိန်စံညွှန်းနှင့် အညီ အရည်အသွေးပြည့်ဝစွာဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန် လိုပါကြောင်း၊ အသွားလမ်းဘက်ရှိယာယီဘေလီတံတားကြံ့ခိုင်မှုအား အမြဲမပြတ်စစ်ဆေးရန်လိုပါကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အထူးအလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတားလုပ်ငန်းခွင်သို့သွားရောက်၍ P-1 မှ P-9 အထိ Steel Plate Girder များ တပ်ဆင်ပြီးစီး၍ တံတားကြမ်းခင်း ကွန်ကရစ်သွန်းလောင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ Bearing များအား ငလျင်ဒဏ်ခံ Elastomeric Bearings များ တပ်ဆင်ဆောင်ရွက်ထားသည့်အခြေအနေ၊ အရည်အသွေးထိန်းသိမ်းရေးဆောင်ရွက်နေမှု၊ ရေတိုက်စားမှုကာကွယ်ရန် ရေလမ်းကြောင်းရှင်းလင်းခြင်းနှင့် ရေတားအကာအကွယ်များ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြောင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော လမ်း၊ တံတားများကို ပြုပြင်ပြီးစီး၍ မိုင်တိုင်အမှတ်(၁၉၀/၁)ရှိမှောက်ခုံချောင်း တံတားသည်လည်း ပြန်လည်ပြုပြင်ပြီးစီးခဲ့ပြီဖြစ်သည်။

ယခုမိုင်တိုင်အမှတ်(၁၆၅/၁)ရှိ ဆွာချောင်းတံတား(အပြန်လမ်း)အား အသစ်အစားထိုး ပြန်လည်တည်ဆောက်လျက်ရှိရာ ၂၀၂၆ ခုနှစ် ဇွန်လတွင် ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ဆွာချောင်းတံတား (အပြန်လမ်း) အသစ်တည်ဆောက်ပြီးစီးပါက လမ်းပန်းဆက်သွယ်မှုမပြတ်တောက် စေရေးအတွက် (အသွားလမ်း)နေရာတွင် ယာယီဘေလီတံတား ထပ်ပိုးအသုံးပြုနေခြင်းကိုလည်း အစားထိုး၍ တံတားအသစ် ပြန်လည်တည်ဆောက်ခြင်းကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့။

❑ *ရှေ့ဖုံးမှ*

ထို့ပြင် နတ်မောက်မြို့နယ်ရှိ နွေစပါးနှင့် ဆီထွက်သီးနှံ ထွန်ယက်စိုက်ပျိုးရန်ကျန်ရှိသော မြေကေ ၄၅ ကေအတွက် ပြည်တွင်းထုတ်ဒီဇယ်ဆီ ၄၅ ဂါလန်အား စရံအိုင်ကျေးရွာအုပ်စု စိုက်ပျိုးရေးစုရုပ်ဆုံနေရာ၌ တောင်သူများ လက်ဝယ်အရောက် သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့သည်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တောင်သူများကို စက်သုံးဆီအခက်အခဲ လျော့နည်း သက်သာစေရေးနှင့် ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးနှင့် ဆီထွက်သီးနှံထွန်ယက်စိုက်ပျိုးရန်ကျန်ရှိသည့် ကျေးရွာများသို့ ပြည်တွင်းထုတ် ဒီဇယ်ဆီ တစ်ဂါလန်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းလက်ငင်းငွေချေစနစ်ဖြင့် လုပ်ငန်းခွင်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မောင်ခိုင်မင်း (ပြန်/ဆက်)



ပြည်တွင်းထုတ် ဒီဇယ်ဆီများ လုပ်ငန်းခွင်အရောက် ရောင်းချပေးမှုကို တွေ့ရစဉ်။

“ဝန်ဆောင်မှုများ ကောင်းစေရေး ‘1111’ ဖြေကြားပေး”

“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”

အနာဂတ်မျက်နှာစာသစ် လှုပရှန် ပစ္စုပ္ပန်ကဏ္ဍာသစ် ဖွင့်သူများ

မျက်နှာစာတစ်ခုမှ မျက်နှာစာအသစ်တစ်ခုသို့ ကူးပြောင်းသည်ဟုဆိုသည်။ အဟောင်းမှ အသစ်သို့ ပြောင်းလဲခြင်း၊ အသစ်မှအသစ်သို့ ပြုပြင်ပုံသွင်းခြင်း... မည်သို့ဆိုဆို မျက်နှာစာအသစ်တစ်ခု ဖွင့်တိုင်းဖွင့်တိုင်း၊ အမည်သစ်တစ်ခု တပ်တိုင်းတပ်တိုင်းမှာ မလွဲမသွေလိုက်ပါရသည်က အတွေးအခြင်သစ်များပါလိုက်ပါပြောင်းလဲနေရန်ပင်။ သို့မှသာ အပြောင်းအလဲက အဓိပ္ပာယ်ရှိမည်။ ပြောင်းလဲလိုသောအရာရာသည် စစ်မှန်သော အသစ်အသစ်များဖြစ်လာပေမည်၊ တိုးတက်လာမည်၊ ဖွံ့ဖြိုးလာမည်..ဟူ၍။ သို့ဆိုလျှင် မျက်နှာစာအသစ်ဖြစ်ရန် မည်သည့်အချက်တွေမှာ မည်သို့လိုက်ပါပြောင်းလဲရမလဲ.....။

မိုးကောင်

“ယခု လွှတ်တော်ထဲရောက် ကိုယ်စားလှယ်အားလုံး၌ ဒို့တာဝန်အရေးသုံးပါး ဟူသည့် အမျိုးသားနိုင်ငံရေး တူညီသောဘုံဝါဒ (Common platform)ပေါ်တွင် အတူရပ်တည်နေကြပြီဖြစ်သည်။ ယုံကြည်ချက်တို့ တူညီမှု၍ ခိုင်ခိုင်မာမာဖြစ်လာလျှင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ယုံကြည်မှုများ အပြန်အလှန်ထားရှိရန် အလှမ်းမဝေးတော့ပါ။ ယုံကြည်မှုရှိလာလျှင် တစ်ဦးနှင့်တစ်ဦး ပွင့်ပွင့်လင်းလင်း ဖွင့်ဟတိုင်ပင်ရန်၊ ခံစားချက်များ၊ အကြံဉာဏ်များ မျှဝေရန်၊ အတူလက်တွဲလုပ်ကြရန်လည်း ဝန်မလေးတော့။ ဖြူစင်သောစိတ်ထားကလာသည့် အများအတွက် လုပ်မည်ဆိုသော စိတ်ထားများ၊ နိုင်ငံအတွက်ဆိုသော စိတ်ဓာတ်ကောင်းများလည်း တိုးပွားလာမည်ဖြစ်”

အတွေးအမြင်သစ် စိတ်သစ်လူသစ်ဖြင့်

အရေးကြီးသည်က အတွေးများ၊ အမြင်များ အသစ်ဖြစ်နေရန်ပါ။ သစ်လွင်သော အတွေးအမြင်များဖြင့်သာ စိတ်သစ်လူသစ်ဖြစ်မည်။ အတွေး၊ အမြင်သစ်များဖြင့် ဖန်တီးနိုင်မှသာ လုပ်နည်းလုပ်ဟန်အသစ်များ ဖြစ်နိုင်သည်။ လုပ်နည်းအသစ်များကသာလျှင် အခင်းအကျင်းအသစ်များကို တည်ဆောက်နိုင်မည်။ သစ်လွင်သောစိတ်ဖြင့်သာ ဖြူစင်သောစိတ်၊ ရိုးသားသောစိတ်၊ ဖြောင့်မတ်သော စိတ်များ ဖြစ်နိုင်မည်ဟု ဆိုသည်။ အတွေးတူ၍ အလုပ်လည်း တူလာကြမည်။ ထိုစိတ်ထားများဖြင့် အလုပ်လုပ်၍ အများအတွက်၊ နိုင်ငံအတွက်၊ အနာဂတ်မျိုးဆက်များအတွက် အမြင်ကျယ်ကျယ်ဖြင့် ရွှမြင်စဉ်းစားနိုင်မှသာ စေတနာပါ၊ ပညာပါသော အလုပ်များ ဖြစ်လာသည်။ ထိုစိတ်များကို စေ့ဆော်နိုင်ရန်မှာ မှန်ကန်သောအတွေးအမြင်က ရှေးဦးရှိနေရမည်။

အတွေးမှန်၊ အမြင်မှန်ကန်ခြင်းဟူသည် အမှန်ကို အမှန်အတိုင်းမြင်၍ အများနှင့် အမှန်ကို ခွဲခြားသိခြင်း၊ အများလုပ်လျှင် ပျက်စီးမည်၊ အမှန်အတိုင်း လုပ်လျှင် တိုးတက်မည်၊ မှန်သည်ဆိုသော်လည်း အခြေအနေ အချိန်အခါကြည့်၍ ဘယ်အချိန်မှာ ဘာလုပ်သင့်သလဲဟု ခွဲခြားသိမြင်၍ ဆုံးဖြတ်နိုင်သည်ဟူသော အမြော်အမြင်ရှိခြင်းကို ဆိုလိုသည်။ တစ်နည်း ယုံကြည်ချက်မှန်နေခြင်းဖြစ်သည်။ ထို ယုံကြည်ချက်ဖြင့် အများမလုပ်၊ အမှန်ကိုသာလုပ်မည်ဟု ခံယူခြင်းဖြင့် ခံယူချက်မှန်နေသမျှ အတွေးသစ်၊ အမြင်သစ်များသည် အစဉ်လန်းဆန်းသစ်လွင်နေမည်ဟု ဆိုသည်။ ထိုသို့ ယုံကြည်ချက်မျိုး၊ ခံယူချက်မျိုးရှိနေပြီဆိုလျှင် ရိုးဖြောင့်သောစိတ်၊ ဖြူစင်သောစိတ်များ ပိုင်ဆိုင်ရန်မှာ အလွယ်မဝေးတော့ပါ။ ထိုထိုစိတ်နေစိတ်ထားများ အားနည်းနေသရွေ့ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုသက်သက်ဖြင့် အနှစ်မပါ၊ ရေရှည်မခံသော ပြယုဂ်အဖြစ်သာ ဟန်ပြဖြစ်နေပါမည်။ အနာဂတ်အတွက် ရေရှည်ဖွံ့ဖြိုးမှုသို့ ဦးတည်သော စိတ်ဓာတ်နှင့် ပညာကြွယ်သော ဆောင်ရွက်ချက်များကသာ အမှန်တိုးတက်မှုကို ရရှိပြီး နိုင်ငံအတွက် အရေးတကြီး လိုအပ်နေသော နိုင်ငံအရေးနှင့် အမျိုးသားအကျိုးစီးပွားများသည် အမှန်တကယ် ဖြစ်ထွန်းလာမည်ဖြစ်ပါသည်။

ထက်သန်စိတ်အား တက်ကြွစွာဖြင့်

မတ်လ ၁၃ ရက်နေ့နှင့် ၁၄ ရက်နေ့၊ မျက်နှာစာသစ်ဖိုရမ်တစ်ခု၌ ချပြခဲ့သော အစဉ်မှန်ကန်မြဲသည့် ပရမတ္ထသဘောတရားများနှင့်အတူ ကိုယ်တိုင်ပါဝင်ပြီး စာမျက်နှာအသစ်တစ်ခု ဖွင့်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များက ထိုသဘောတရားများကို မယိမ်းယိုင်သော ယုံကြည်ချက်များအဖြစ် အခိုင်အမာ ခံယူထားပြီးဖြစ်ပါမည်။ ထိုယုံကြည်ချက်များဖြင့်သာ အပြန်အလှန်ယုံကြည်မှု(Trust)ကို ဦးစွာတည်ဆောက်နိုင်မည်ဟု လက်ခံထားကြသည်။ ထိုမှတစ်ဆင့် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှု(Peace)ကို ဖော်ဆောင်ကြမည်။ သို့မှသာ ဖွံ့ဖြိုးမှု(Development)ဆီသို့ ရှေးရှုနိုင်မည်ဟူသော ခံယူချက်သည် ကိုယ်စားလှယ်များအားလုံး၏ Mission ဖြစ်ပါသည်။ တစ်ဆက်တည်းမှာ ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူကို ကိုယ်စားပြုသူများပီပီ ပြည်သူ့အတွက် နိုင်ငံ့တာဝန်ကို ကျေပွန်အောင် ထမ်းရွက်ကြမည်ဟု သန္နိဋ္ဌာန်ချထားပြီးလည်း ဖြစ်သည်။ သန္နိဋ္ဌာန်နှင့်အတူ နိုင်ငံအတွက် အရေးကြီးဆုံးသော ပြဿနာရပ်များ (Key issues) များကို ဦးစားပေးအလိုက် ဖော်ထုတ်၍ ဆွေးနွေးအဖြေရှာရန် အသင့်ဖြစ်နေကြပါပြီ။

လေ့လာမိသမျှ ကိုယ်စားလှယ်အများစုကြီးက လွှတ်တော်အစည်းအဝေးခန်းထဲတွင် မေးခွန်းများ မေးရန်၊ အဆိုများတင်ရန်၊ ဥပဒေများပြုကြရန် ခေါင်းစဉ်များ၊ အချက်အလက်ပေါင်းများစွာကို စုစည်းထားရှိပြီး Proactive ဖြစ်နေပြီဟု ယုံကြည်ပါသည်။ အတွေ့အကြုံများစွာ ကြွယ်ဝသည့် ကိုယ်စားလှယ်ကြီးများ ဦးဆောင်၍ နိုင်ငံအတွက် အရေးကြီးကိစ္စရပ်များအပေါ် မေးမြန်း၊ တင်သွင်း၊ ဆွေးနွေးဆုံးဖြတ်နိုင်ရေး စိတ်အားထက်သန်နေကြပါပြီ။ ပြည်သူ့အသံကို နားထောင်ပြီး ကြိုတင်ပြင်ဆင်မှု အားကောင်းကောင်းဖြင့် ပြည်သူ့မျှော်လင့်ချက်ကို ဖော်ဆောင်မည့်သဘောများ တွေ့နေရသည်။

အမှန်လည်း နိုင်ငံတွင် ဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးကိစ္စရပ်တွေ များစွာရှိနေသည်။ ရင်ဆိုင်ရမည့် ပြဿနာရပ်များစွာ ရှိနေသည်။ ခက်ခက်ခဲခဲဖြေရှင်းရမည့် ကိစ္စရပ်တိုင်းမှာ စိန်ခေါ်မှုအများအပြားက ကြိုလင့်နေသည်။ သို့သော် ကိုယ်စားလှယ်များကား မည်သည့် နိုင်ငံ့အရေးများတွင် မည်သို့ပါဝင် ထမ်းရွက်ကြရမလဲ ကြိုတင်သိမြင်နေပြီး ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခတွေ့ကျုံပြဿနာ ထာဝရငြိမ်းချမ်းရေးမှာ ငါတို့ ဘယ်လိုအခန်းကဏ္ဍမှ ပါဝင်ကြမလဲ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ပို့ကုန်/သွင်းကုန်ကဏ္ဍကို ဘယ်လိုတိုးတက်အောင် လုပ်ကြမလဲ စသည်၊ စသည် စဉ်းစားဆောင်ရွက်ရမည့် ကိစ္စရပ်များစွာအတွက် အဖြေများ၊ နည်းလမ်းများ ရှိထားပြီး ဖြစ်ပုံရသည်။

အမျိုးသားနိုင်ငံရေးနှင့် အမျိုးသားအကျိုးစီးပွား ဖော်ဆောင်ရာ

တင်ပြခဲ့သည့်အတိုင်း ဆောင်ရွက်ရမှာတွေက များစွာပင်။ အကောင်းအဆိုးများ ရောပြွမ်းနေသည့် နာတာရှည်ရောဂါကို ကုစားဖို့ရန် စိတ်အားများထက်သန်နေပါပြီ။ ပြောင်းဖို့လုပ်တိုင်း ကွဲတာတွေ၊ ပြင်းဖို့လုပ်တိုင်း ပျက်တာတွေ သင်ခန်းစာများလည်း အထိုက်အလျောက်ရှိခဲ့၊ ရခဲ့ကြပါပြီ။ ထို့အတွက် ဘယ်လို ချဉ်းကပ်အဖြေရှာကြမလဲ၊ လုပ်နည်းလုပ်ဟန် မှန်မှန်ကန်ကန်ဖြင့် အဆုံးအဖြတ်များ မှန်ကန်ရန်က အလွန်အရေးကြီးသည်။ သမိုင်းကြောင်းကို အခြေခံ၊ အစွန်းတရားနှစ်ပါးမှ လွှတ်အောင်ရှောင်၊ ပကတိအရှိတရားကို အခြေခံ၍ ပိုင်းခြားစိတ်ဖြာသုံးသပ်အဖြေရှာရန် အကောင်းဆုံးသော အတွေ့အကြုံများလည်း ရှိနေပါပြီ။ အမျိုးသား နိုင်ငံရေးမှာ ခံယူချက်တို့ အားနည်းခဲ့ကြပြီး အတ္တနှင့်ယုဉ်သည့် ကိုယ်ကျိုးစီးပွား ရှေ့တန်း တင်လွန်းသူများကြောင့် လက်နက်ကိုင်ပဋိပက္ခများ၊ မညီညွတ်မှုများ သက်ဆိုးရှည်နေခြင်းဖြစ်သည်ကို သိရှိကြပြီးဖြစ်သည်။

အကြောင်းရင်းကိုသိလျှင် မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ခံယူကျင့်သုံးကြပုံများကို လွှတ်တော်အတွင်း အပြင်လှုပ်ရှားမှုများမှတစ်ဆင့် ပြည်သူကိုယ်စားပြု ပြည်သူ့ကိုယ်စားလှယ်ကြီးများက စံပြနမူနာပြ ဦးဆောင်ပြသသွားနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ကိုယ်စားလှယ်များ မေးမည့်မေးခွန်း၊ တင်သွင်းမည့် အဆို၊ ဆွေးနွေးမည့် ဥပဒေများတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် အချုပ်အခြာကို မထိခိုက်အောင် မည်သို့ဆွေးနွေးညှိနှိုင်းကြမလဲ၊ ယုံကြည်မှုကို ဘယ်လို တည်ဆောက်မလဲ၊ ပြဿနာကို ဘယ်လိုဆုံးဖြတ်အဖြေရှာမလဲ။ လွှတ်တော်နိုင်ငံရေး ယဉ်ကျေးမှုအသစ်တစ်ခုကို ငြိမ်းချမ်းစွာဖြင့် မည်သို့ပျိုးထောင်မည်၊ ပြည်သူ့မျှော်လင့်ချက်နှင့်အိပ်မက်ကို မည်သို့ဖော်ဆောင်သွားမည်....၊ ဤသည်ပင် ထာဝငြိမ်းချမ်းရေးအတွက် လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် စွမ်းရည်ပြည့်မဏ္ဍိုင်များ (Strong Institutions)နှင့် စစ်မှန်သော ပြယုဂ်ကောင်းများ ဖြစ်နေပါပြီ။ စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကျင့်စဉ်တစ်ခုကို ဖော်ထုတ်၍ ဖက်ဒရယ်ကို ဦးတည်သည့် ပြည်သူတို့၏ နိုင်ငံရေးရေချိန်ကို မြှင့်တင်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များက Role model များအဖြစ် ရပ်တည်နေကြပါပြီ။

နိုင်ငံရေးယဉ်ကျေးမှုတစ်ခု ဘယ်လို တည်ဆောက်ကြမလဲ

နိုင်ငံတစ်ခုဖြစ်စေ၊ လူ့အဖွဲ့အစည်းတစ်ခုဖြစ်စေ အလှည့်အပြောင်း အချိုးအကွေ့တိုင်းတွင် အလွန်သတိထားရသည်။ အထူးသဖြင့် ပြည်တွင်း နိုင်ငံရေးအလှည့်အပြောင်းနှင့် ကမ္ဘာ့ပထဝီနိုင်ငံရေး အပြောင်းအလဲများ တိုက်ဆိုင်နေချိန် ပို၍ အရေးကြီးပါသည်။ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး ဟူသည် ခေါင်းနှင့်ပန်းလို ဆက်စပ်နေသည့်အတွက် ယခုလို တိုးတက်စပြုလာသော ပြည်တွင်း နိုင်ငံရေးအခြေအနေနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေသည့် ပြည်ပအခြေအနေမျိုးနှစ် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေး နှစ်ခုလုံးကို တစ်ပြိုင်တည်း အကောင်အထည်ဖော်နိုင်ရန် အရေးကြီးသည်ဟု ယူဆပါသည်။

အတွေ့အကြုံရင့်ကျက်ပြီး ဗဟုသုတနှင့် ပညာဉာဏ်ကြီးသူများဖြစ်၍ ဆောင်ရွက်နိုင်စွမ်းရှိမှာ သေချာပါသည်။ မိမိတို့အတွေ့အကြုံနှင့် ပညာကို အခြေခံပြီး ဆောင်ရွက်ဆဲလုပ်ငန်းတိုင်းကို ထိရောက်အောင်မြင်မှုရှိအောင် တွန်းအားပေးနိုင်မည်ဟု ပြည်သူက ယုံကြည်၍ မဲပေးရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ နိုင်ငံတကာဆက်ဆံရေးနှင့် ချစ်ကြည်ရင်နှီးမှု ပိုမိုအားကောင်းလာအောင် နိုင်ငံတကာ လွှတ်တော်များနှင့် ချိတ်ဆက်တွေ့ဆုံခြင်းဖြင့် ကူညီမှုများ ပေးနိုင်ပါသည်။

ယခု လွှတ်တော်ထဲရောက် ကိုယ်စားလှယ်အားလုံး၌ ဒို့တာဝန်အရေးသုံးပါးဟူသည့် အမျိုးသားနိုင်ငံရေး တူညီသောဘုံဝါဒ (Common platform) ပေါ်တွင် အတူရပ်တည်နေကြပြီဖြစ်သည်။ ယုံကြည်ချက်တို့ တူညီမှု၍ ခိုင်ခိုင်မာမာဖြစ်လာလျှင် တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ယုံကြည်မှုများ အပြန်အလှန်ထားရှိရန် အလှမ်းမဝေးတော့ပါ။ ယုံကြည်မှုရှိလာလျှင် တစ်ဦးနှင့်တစ်ဦး ပွင့်ပွင့်လင်းလင်း ဖွင့်ဟတိုင်ပင်ရန်၊ ခံစားချက်များ၊ အကြံဉာဏ်များ မျှဝေရန်၊ အတူလက်တွဲလုပ်ကြရန်လည်း ဝန်မလေးတော့။ ဖြူစင်သောစိတ်ထားကလာသည့် အများအတွက် လုပ်မည်ဆိုသော စိတ်ထားများ၊ နိုင်ငံအတွက်ဆိုသော စိတ်ဓာတ်ကောင်းများလည်း တိုးပွားလာမည်ဖြစ်သည်။

အများအတွက်၊ နိုင်ငံအတွက် လုပ်ကြမည်ဆိုလျှင် နားလည်မှု၊ သည်းခံစိတ်ရှည်မှုတို့ကို အပြန်အလှန် ပေးလာနိုင်ကြသည်သာ။ ထိုမှတစ်ဆင့် အပြန်အလှန်လေးစားမှုများ အားကောင်းလာပါမည်။ မဏ္ဍိုင်တစ်ခုတည်းတွင် မတူတာတွေ၊ တူတာတွေ အပေးအယူ မျှမျှတတဖြင့် ယုံကြည်မှုတစ်ခု တည်ဆောက်နိုင်သည့် အလေ့အကျင့်ကောင်းသည် အခြားသော မဏ္ဍိုင်များနှင့်ပါ ယုံကြည်မှုကို ကောင်းစွာရယူသွားနိုင်ပါသည်။ လွှတ်တော်၊ အစိုးရ၊ တပ်မတော်၊ ပြည်သူ၊ အဖွဲ့အစည်းအားလုံးက အမျိုးသားနိုင်ငံရေး ဘုံတူညီမှုလမ်းကြောင်းအပေါ်တွင် အတူတကွ လျှောက်လှမ်း၊ အပြန်အလှန်ကူညီကြမည်။ အဖျက်သဘောမဆန်၊ အပြုသဘောဖြင့် အပြန်အလှန် ထိန်းညှိကြမည့် ဒီမိုကရေစီယဉ်ကျေးမှုတစ်ခု တည်ဆောက်ကြမည်။ ထိုအလေ့အကျင့်နှင့် ယဉ်ကျေးမှုက အားလုံးအတွက် စံပြဖြစ်ရမည်၊ နမူနာကောင်းဖြစ်ရမည်၊ ထိုနမူနာကောင်းများသည် အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် အထောက်အကူဖြစ်ရမည်၊ ထိုညီညွတ်မှုဖြင့် သွေးထိုးလုံ့ဆော်မှု၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲတွေကို ဆန့်ကျင်နိုင်ရမည်ဟူ၍ လွှတ်တော်ကိုယ်စားလှယ်အားလုံးတွင် ခံယူထားပြီး ဖြစ်ကြပါသည်။

စာမျက်နှာ ၇ သို့

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးပုဂ္ဂိုလ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီးတို့၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ

မြန်မာ-ရုရှား-တရုတ် သုံးနိုင်ငံပူးပေါင်း၍ စွမ်းအင်လုံခြုံရေးနှင့် စွမ်းအင်ဖူလုံရေး ဆောင်ရွက်သွားမည့် အစီအမံများအား ဆွေးနွေး



နေပြည်တော် ဧပြီ ၁၉

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏ အကြံပေးပုဂ္ဂိုလ် H.E. Mr. Anton Kobyakov နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. S.E.Tsivilev တို့၏ ဖိတ်ကြားမှုအရ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန် ဧပြီ ၁၂ ရက်မှ ၁၉ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ သွားရောက်ခဲ့ပြီး ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးအပြည်အပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း နိုင်ငံအကြီးအကဲများနှင့် ဒေသဆိုင်ရာအကြီးအကဲများ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မြန်မာ-ရုရှား-တရုတ် သုံးနိုင်ငံပူးပေါင်း၍ စွမ်းအင်လုံခြုံရေးနှင့် စွမ်းအင်ဖူလုံရေး ဆောင်ရွက်သွားမည့် အစီအမံများအား ဆွေးနွေးခြင်း၊ မြန်မာနိုင်ငံအတွက် ရေနံနှင့် ရေနံထွက်ပစ္စည်းများအား ရရှေ့ညှိ ဖြည့်ဆည်းပေးနိုင်ရန် သဘောတူညီမှုလက်မှတ် ရေးထိုးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်း ရရှိသည်။

သတင်းစဉ်

❍ *ကျောထုံးမှ*

လိုအပ်ချက်ရှိနေသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

ချယ်ဆီးအသင်းသည် ယခုပွဲစဉ်မတိုင်မီ တွေ့ဆုံခဲ့သည့် မနိစီးတီးအသင်းနှင့် ပွဲစဉ်တွင်လည်း သုံးဂိုးပြတ် ရှုံးနိမ့်ထားသည်။ ချယ်ဆီးအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သောကြောင့် နောက်ဆုံးပရီမီယာလိဂ် ခြောက်ပွဲတွင် ရှုံးပွဲ ငါးပွဲအထိရှိလာပြီ ဖြစ်သည်။

မန်ယူအသင်းသည် ပုံမှန်ခြေစွမ်းပြသနိုင်ခြင်းမရှိသော်လည်း ရရှိလာသည့်အခွင့်အရေးကို အမိအရအသုံးချကာ သွင်းဂိုးအဖြစ် ပြောင်းလဲပြီး အရေးပါသည့် နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သည်။ မန်ယူအသင်းသည် ပွဲချိန်တစ်လျှောက်တွင် ချယ်ဆီးအသင်းဘက်သို့ ဂိုးပေါက်ကန်သွင်းမှု လေးကြိမ်သာ ပြုလုပ်နိုင်ခဲ့သည်။ ချယ်ဆီးအသင်းက ဂိုးပေါက်ကန်သွင်းမှု ၂၁ ကြိမ်အထိ ရှိခဲ့သည်။ မန်ယူအသင်းသည် ယခုအနိုင်ပွဲကြောင့် ပရီမီယာလိဂ်ပွဲစဉ် (၃၃) အပြီးတွင် ရမှတ် ၅၈ မှတ်ဖြင့် အဆင့် (၃) တွင် ဆက်လက်ရပ်တည်နေသည်။

အခြားပွဲစဉ်ရလဒ်များတွင် လီဒ်စ်က ဝုဗ်ကို သုံးဂိုး-ဂိုးမရှိ၊ ဘုန်းမောက်က နယူးကာဆယ်ကို အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဘရန့်ဖို့ဒ်နှင့် ဖူလ်ဟမ်အသင်းပွဲစဉ်တွင် ဂိုးမရှိသရေကျခဲ့သည်။ ထို့အပြင် စပါးနှင့် ဘရိုက်တန်အသင်းပွဲစဉ်တွင်လည်း တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

အောင်ဇော်

တိမ်အနည်းငယ်ဖြစ်ထွန်းနေ

နေပြည်တော် ဧပြီ ၁၉ - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပွလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပွလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မိုး/၈၁

ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိကန်ရေများ ရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် သြဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံ ကျွေးခြင်းကို လျှော့ချပေးပါရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလင်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေ့လှော်ပေးခြင်း၊ စသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါးဇော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများ ရနိုင်သမျှ သိုလှောင်ထားပါရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သောအခြေအနေပြောင်းလဲခြင်းမျိုးများဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန

စာမျက်နှာ ၆ မှ

အချုပ်အားဖြင့် ထိုဖိုရမ်မှတစ်ဆင့် လွတ်တော်ကိုယ်စားလှယ်များကိုယ်တိုင် ဖွင့်ဟခဲ့သည့် ကတိစကားများကို နားထောင်၍ မျက်နှာစာသစ်တစ်ခု၏ အဖွင့်သည် လှပခဲ့သည်ဟု ဆိုနိုင်ပါပြီ။ ရောင်နီသစ်ဟု တင်စားရာ အရာရာကို အသစ် ဖြစ်လိုသည့် ကိုယ်စားလှယ်များက ပြည်သူနှင့် အစိုးရကြား ပေါင်းကူးတံတားဖြစ်ရန် တာဝန်ယူ တာဝန်ခံမှုအပြည့် ဖြင့် လုပ်ကိုင်ကြရန် အဆင်သင့်ဖြစ်နေကြပါပြီ။ ဖိုရမ်တွင်ပေးခဲ့သည့် သူတို့၏ အကြံပြုချက်များကို ပညာရှင်များ၏ မျှဝေမှုများနှင့် ပေါင်းစပ်ပြီး လွတ်တော်အတွင်း/အပြင်မှာ လက်တွေ့အသုံးချရာတွင် ထိထိရောက်ရောက်ဖြစ်မို့ဆိုလျှင် မဏ္ဍိုင်အားလုံး၏ ပူးပေါင်းပါဝင်မှု သစ္စာစောင့်သိမှုနှင့် မျှဝေကူညီမှုများ အားကောင်းနေရန်သာ လိုပါတော့သည်။

ထို့ကြောင့် ပြန်ကြည့်လျှင် Stakeholders အားလုံးတွင် စိတ်ကောင်း စေတနာကောင်းများနှင့် အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လိုစိတ်က အလွန်အရေးကြီးပြီး အခြေခံမှာ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ကြား အပြန်အလှန်ယုံကြည်မှုက အဓိက ဖြစ်ပါသည်။ ထိုယုံကြည်မှုကသာလျှင် နိုင်ငံအတွက် အင်အားကို ဖြစ်စေပါမည်၊ စိတ်ချလုံခြုံမှုကို ပေးစွမ်းပြီး တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်နိုင်ပါမည်၊ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်၍ ဖွံ့ဖြိုးမှုဆီ ရောက်ရှိနိုင်ပါမည်။ ဤ Mission ဖြင့် စစ်မှန်စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်အိပ်မက် Vision ကို မလွဲဧကန် ရရှိနိုင်မည်ဖြစ်သည်ဟု ခံယူထားပါသည်။ ။

မွေးမြူရေးတိရစ္ဆာန်များ အပူရှိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူရှိန်ပြင်းထန်လွန်ကဲခြင်းတွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်များကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေခဲတိုသော အစာအစားများကို ဖြည့်စွက်ကျွေးမွေးရန်၊\

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သော နေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စိ၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများ ထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

❑ *ကျောဖုံးမှ*

သီးနှံသက်တမ်းအလိုက် ထည့်သွင်းရမည့် ပမာဏ၊ ထည့်သွင်းနည်းစနစ်များအတိုင်း သွင်းအားစုများအား မှန်မှန်ကန်ကန်အသုံးပြုပြီး ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံရေးသာမက ပြည်ပသို့ ဆန်တင်ပို့မှုမြှင့်တင်နိုင်ရေး ကြိုးပမ်းကြရန်နှင့် ကမ္ဘာတစ်ဝန်း လက်ရှိဖြစ်ပေါ်နေသော သွင်းအားစုလိုအပ်ချက် အခက်အခဲများကြားမှ နိုင်ငံတော်က နွေစပါးစိုက်တောင်သူများအတွက် အထူးကြိုးပမ်းပံ့ပိုးဆောင်ရွက်ပေးခြင်းဖြစ်၍ အလွဲသုံးစားမဖြစ်စေဘဲ အကျိုးရှိထိရောက်စွာ အသုံးပြုကြရန် တိုက်တွန်းအားပေးပြောကြားသည်။

ယင်းနောက် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက တောင်သူများအတွက် လိုအပ်သည့် သွင်းအားစုဓာတ်မြေသြဇာများကို တောင်သူများလက်ဝယ် အချိန်မီရောက်ရှိရေး ဆက်လက်စီမံဆောင်ရွက်ပေးမည့်အခြေအနေနှင့် တောင်သူများ ဝင်ငွေတိုးပွားရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တောင်သူများ၏ နွေစပါးစိုက်ခင်းများအတွက် စိုက်ပျိုးရေ အချိန်ကိုက်ရရှိရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်တို့သည်



မြန်မာ့ဩဘာ ကောမက် G-46 ပုလဲဓာတ်မြေသြဇာ တစ်အိတ်လျှင် ငွေကျပ်တစ်သိန်းငါးရာကျပ်နှုန်းဖြင့် စိုက်ဧကအလိုက် လိုအပ်ချက်အပေါ်မူတည်၍ ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ ကျေးရွာခြောက်ရွာ၌ ဓာတ်မြေသြဇာများ ရောင်းချပေးလျက်ရှိပြီး တိုင်းဒေသကြီး ပြည်နယ်များအတွင်း လက်ရှိစိုက်ပျိုးလျက်ရှိသော နွေစပါးစိုက်ဧကများမှ ထွန်ယက်စိုက်ပျိုးရန် ကျန်ရှိသည့်ဧရိယာ၏ ဓာတ်မြေသြဇာလိုအပ်ချက် ၃၀ ရာခိုင်နှုန်းကို ပထမအသုတ်အဖြစ် သက်ဆိုင်ရာအစိုးရအဖွဲ့များ၏ မြေပြင်ကွင်းဆင်းစိစစ်ထားသော ထောက်ခံချက်ဖြင့် ရောင်းချပေးလျက်ရှိကြောင်းနှင့် ကျန်ဧရိယာများအတွက်ကိုလည်း အသုံးပြုရမည့် ကာလအမီ နှစ်ကြိမ်ခွဲရောင်းချပေးခြင်းဖြင့် ရာနှုန်းပြည့် ဆောင်ရွက်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ ဇေယျာသီရိမြို့နယ်အတွင်း မိုးရာသီရေကြီးရေလျှံမှု လျော့နည်းသက်သာစေရေး ဆောင်ရွက်လျက်ရှိသည့် မပိုက်ကယ်ရိုးတစ်လျှောက်နှင့် ကျွန်းရောင်း၊ အိုင်စောက်၊ ပေါင်းလောင်းရေနုတ်မြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သက်နှင်းအင်းအုပ်စု သစ်တပ်ကလေးကျေးရွာနှင့် သက်နှင်းအင်းကျေးရွာအနီးတွင် နရဘန်ချောင်း ချဲ့ထွင်တူးဖော်ဆောင်ရွက်နိုင်ရေးအတွက် မူလချောင်းနယ်နိမိတ်တည်ရှိမှု၊ ချဲ့ထွင်တူးဖော်မည့် ချောင်းဧရိယာအကျယ်တို့နှင့် ပတ်သက်၍ ဒေသနေတောင်သူများ၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် စည်ပင်ကြီးအုပ်စု ချောင်းကမ်းကြီးကျေးရွာအနီးရှိ ကျွန်းရောင်း - အိုင်စောက် - ပေါင်းလောင်း ရေနုတ်မြောင်းအား ချောင်းကမ်းကြီးကျေးရွာအနီးမှ ပေါင်းလောင်းမြစ်အထိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တူးဖော်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများကို မိုးရာသီမတိုင်မီ အချိန်မီပြီးစီးနိုင်ရေးအတွက် စက်ယန္တရားများဖြင့် အရှိန်အဟုန်မပြတ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

အဆိုပါရေနုတ်မြောင်းများပြီးစီးပါက ပင်လောင်းလမ်းဆုံအပါအဝင် ပတ်ဝန်းကျင်တွင် ရေကြီးရေလျှံမှုများ ကာကွယ်နိုင်မည်ဖြစ်၍ အချိန်မီပြီးစီးရေးကိုလည်းကောင်း၊ ပတ်ဝန်းကျင်လူနေအိမ်များ၏ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများ မပြုလုပ်ရေးကိုလည်းကောင်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

လေပြင်းဘေး ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေဦးရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါ ရာသီဥတုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ လွန်ခဲ့သော (၁၁) နှစ်တာ ကာလအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် စုစုပေါင်းနေအိမ် ၂၅၄၁၀၀ ကျော် ပျက်စီးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ပျက်စီးမှုအများဆုံးဖြစ်ခဲ့ပြီး လူသေဆုံးမှု ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်း ရှိခဲ့ပါသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လေပြင်းတိုက်ခတ်ပါက အမိုးလန်ခြင်း၊ ယိုင်လဲ ပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သော ခိုင်ခံ့မှုအားနည်းသည့် နေအိမ်များကို ဦးစားပေးရွေးချယ်ကာ လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရေး အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ (၈)နှစ်တာကာလအတွင်း နေအိမ်ပေါင်း ၈၆၀၀၀ ကျော်ကို လေပြင်းဒဏ်ခံနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်စဉ်လေပြင်းဘေး ကျရောက်နိုင်သော ဆောင်းအကုန်နွေအကူးကာလမှစ၍ မုတ်သုံမတိုင်မီကာလတွင် နေအိမ်များ လေပြင်းဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေပြင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဆောက်လုပ်ထားပြီးသောနေအိမ်များအတွက်

(၁) မိမိအိမ်၏ ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။

(၂) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(၃) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/ သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

(၄) အိမ်အကာအရံများ၊ တံခါးများ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။ အနီးရှိကျိုးကျနိုင်သော သစ်ပင်/ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

(ခ) အသစ်တည်ဆောက်မည့် အိမ်များဖြစ်ပါက

(၁) အိမ်တိုင်များကို မြေဝင်အနည်းဆုံး နှစ်ပေခွဲ (လက်မောင်းတစ်ဆုံး)အထိ တူးစိုက်ပါ။

(၂) အိမ်တိုင်စိုက်ပြီးပါက တွင်းကို သဲ သို့မဟုတ် သဲပါသော မြေကြီးထည့်၍ ကျပ်ပါ။

(၃) အိမ်တိုင်အလွယ်တကူ ကျွတ်ထွက်မသွားနိုင်ရန် အိမ်တိုင်အောက်ခြေ မြေဝင်ပိုင်းတွင် စို့သံကြီးကြီးနှင့်ဖြစ်စေ၊ ကန့်လန့်သစ်သားတန်း သို့မဟုတ် သပ်ချောင်းနှင့်ဖြစ်စေ ရိုက်ပြီးမှ တိုင်စိုက်ပါ။

(၄) အုတ်ဖိနပ်အသုံးပြုပါက မြေကြီးထဲသို့ အုတ်ဖိနပ်အမြင့်၏ ၃ ပုံ ၂ ပုံထိ မြှုပ်၍ တည်ဆောက်ပါ။ မြေဝင်နက်နက်နှင့် ခိုင်မြဲစွာစိုက်ထူရန် အိမ်တိုင်နှင့် အုတ်ဖိနပ်အား ဇာဝီနှင့် မူလီအသုံးပြု၍ စနစ်တကျ တပ်ဆင်ပါ။

(၅) လေဒဏ်ခံရမှုမှ သက်သာစေရန် မိမိအိမ်၏ တိုသော မျက်နှာစာကို လေပြင်းလာတတ်သည့်ဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ပါ။

(၆) လေဒဏ်ကြောင့် အိမ်ခေါင်မိုးပြုတ်မထွက်စေရန်နှင့် အမိုးလွင့်စဉ်ခြင်းမှ ကာကွယ်နိုင်ရန် ခေါင်မိုးများ၏ အမိုးစောင်းများကို ၃၀ ဒီဂရီ သို့မဟုတ် လက်သမားအခေါ်လက်မအချိုးအနည်းဆုံးထားပါ။ တံစက်မြိတ်၏ အစွန်းများကိုလည်း ၁၈ လက်မ (တစ်တောင်)ထက် ပိုမထွက်အောင် ဆောက်လုပ်ပါ။

(၇) သွပ်ပြားမိုးရာတွင် လေဒဏ်ကြောင့် လွင့်စဉ်ခြင်း၊ မိုးရေယိုစိမ့်ခြင်းမှ ကာကွယ်ရန် သွပ်သံကို အပေါ် ဘက်ခုံးနေသောနေရာတွင် တစ်ခုံးကျော်ရိုက်ပါ။

(၈) သက်ငယ်မိုးရာတွင် တစ်ချပ်နှင့်တစ်ချပ် ၄ လက်မခန့်ခြား၍ နှီးဖြင့်ခိုင်ခိုင်တုပ်ပြီး ထူထူမိုးပါ။

(၉) အိမ်ခေါင်မိုး၊ ကိုယ်ထည်၊ ကြမ်းပြင်၊ အိမ်တိုင်များကို မြေကြီးအထိ တစ်ခုနှင့်တစ်ခု တစ်ဆက်တစ်စပ်တည်း စနစ်တကျ ချိတ်ဆက်ထားပါ။ နေအိမ်ရဲ့တိုင်၊ ရက်မနှင့် ဆင့်များအား မူလီဖြင့် သေချာစွာတွဲဆက်ထားပါ။

(၁၀) အိမ်နံရံများတွင် ခိုင်ခံ့သော ထောက်တန်းများထည့်၍ အိမ်ကိုယ်ထည် မစောင်း၊ မရွေ့၊ လည်မထွက်သွားစေရန် ဆောက်လုပ်ပါ။

၆။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများလေနှင့်အတူ လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းပေါက်များအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

၇။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေထိုင်ပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများစသည့် အကူအညီလိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၈။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၊ ဇီးကုန်းမြို့နယ်များအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးနေအိမ်များ ကွင်းဆင်းထောက်ပံ့ပေးအပ်

နေပြည်တော် ဧပြီ ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း သည် ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အတူ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၊ ဇီးကုန်းမြို့နယ်အတွင်း ဧပြီ ၁၇ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့သော လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရပ်ကွက်/ကျေးရွာများသို့ သွားရောက်၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဦးစွာ ကြို့ပင်ကောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇီးကုန်းမြို့နယ် ရပ်ကွက် (၅)ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၈ အုပ်စုမှ ပြိုကျနေအိမ် ၁၀ အိမ်၊ အမိုးလန်နေအိမ် ၃၇၅ အိမ်၊ တစ်စိတ်တစ်ပိုင်း ပျက်စီးဘုန်းတော်ကြီးကျောင်း ငါးကျောင်းတို့အတွက် ထောက်ပံ့ငွေကျပ် ၂၀၂ ဒသမ ၅ သိန်း၊ သောင့်အိမ်ထောင်စုများမှ လူဦးရေ ၁၅၅၄ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၇၇ဒသမ၇ သိန်း၊ အိမ်ထောင်စု ၃၈၅ စုအတွက် တန်ဖိုးငွေကျပ် ၁၅ ဒသမ ၄ သိန်းရှိ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း Hygene Kit ၃၉၆ စုံ၊ ကြို့ပင်ကောက်မြို့နယ် ရပ်ကွက်(၅) ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၅ အုပ်စုမှ ပြိုကျနေအိမ် ၅၇ အိမ်၊ အမိုးလန်နေအိမ် ၆၃၉ အိမ်၊ တစ်စိတ်တစ်ပိုင်းပျက်စီး ဘုန်းတော်ကြီးကျောင်းရှစ်ကျောင်းတို့အတွက် ထောက်ပံ့ငွေကျပ် ၃၈၄ ဒသမ ၅ သိန်း၊ သောင့်အိမ်ထောင်စုများမှ လူဦးရေ ၂၂၀၅ ဦး အတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၁၁၀ ဒသမ ၂၅သိန်း၊ အိမ်ထောင်စု ၆၉၆ စုအတွက် တန်ဖိုးငွေကျပ် ၂၇ ဒသမ ၈၄ သိန်းရှိ တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်း Hygene Kit ၆၉၆ စုံတို့ကို ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က သောင့်အိမ်ထောင်စုများသို့ ထောက်ပံ့ပေးအပ်သည်။

သောင့် အိမ်ထောင်စုများနှင့် တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက မတ်လနှောင်းပိုင်းမှ ဧပြီလဆန်းအထိ ကာလများသည် မြန်မာနိုင်ငံဒေသအနှံ့ အပြားတွင် လေပြင်းများ တိုက်ခတ်လေ့ရှိသည့် ရာသီကာလဖြစ်ပြီး ပြည်သူလူထု နေအိမ်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ အမိုးလန်ခြင်း၊ ပြိုလဲခြင်းတို့ဖြစ်ပွားကာ နှစ်စဉ်ငွေကျပ် သန်းပေါင်းများစွာ ဆုံးရှုံးခဲ့ရကြောင်း၊ အဆိုပါထိခိုက်ဆုံးရှုံးရမှုများကို လျှော့ချနိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သောအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်း/ခရိုင်/မြို့နယ်/ရပ်ကွက် ကျေးရွာအဆင့် အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ လေပြင်းဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့နည်းစေရေး အတွက် နေအိမ်/အဆောက်အအုံများ ကြံ့ခိုင်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ လေပြင်းတိုက်ခတ်စဉ်နှင့် လေပြင်းတိုက်ခတ်ပြီးနောက် လိုက်နာ ဆောင်ရွက်ရန်အချက်များကို အများပြည်သူသို့ လှည့်လည်အသိပေးကြေညာခြင်း၊ နိုင်ငံပိုင်မီဒီယာများမှ ထုတ်လွှင့်ခြင်း၊ ဖြစ်ပွားမှုများပြားခဲ့သော ရပ်ကွက်/ကျေးရွာများကို ရွေးချယ်၍ စံနမူနာပြအဖြစ် ကြံ့ခိုင်မှုအားနည်းသော နေအိမ်များကို အားဖြည့်မွမ်းမံမှု လက်တွေ့ ဆောင်ရွက်ပြသခြင်းတို့ကို မတ်လဆန်းပိုင်းကပင် မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြည်သူများ အနေဖြင့် အချိန်ရာသီကာလအလိုက်၊ ဒေသအလိုက်ဖြစ်ပေါ်တတ်သည့် သဘာဝ ဘေးအန္တရာယ်များကို မပြတ်သတိပြု၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားခြင်းဖြင့် သဘာဝ ဘေးအန္တရာယ်များကြောင့် မိမိတို့၏ အိုးအိမ်စီးပွားဥစ္စာများ ဆုံးရှုံးရမှုကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်းနှင့် ယခု ကာလများသည် ရုတ်တရက် မိုးရွာသွန်းခြင်း လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်း စသည့် သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပေါ်တတ်သည့် အတွက် ပြည်သူများအနေဖြင့် အထူး သိရသည်။

ကာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ကြို့ပင်ကောက်မြို့နယ်နှင့် ဇီးကုန်းမြို့နယ်အတွင်း ဖြစ်ပွားသည့် လေဘေးနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့ပေးခဲ့မှုမှာ ယမန်နေ့က ထောက်ပံ့ခဲ့သော လုံးဝပြုကျပျက်စီးအိမ်များအတွက် ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်း အိမ်ထောင်စု ၆၇ စုစာ အပါအဝင် ထောက်ပံ့ငွေနှင့် ပစ္စည်းတန်ဖိုး စုစုပေါင်း ငွေကျပ် ၉၁၈ ဒသမ ၆၉ သိန်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးဦးများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးဦးများ၏ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးဦးများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးဦးများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်း

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကိုအထူးဂရုပြုမြှင့်တင်ရန်၊

(၂) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်း မပြုရန်၊

(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၅) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(၈) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထားရှိ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အသိဉာဏ်ရတနာဖြင့် နိုင်ငံတော်၏ အနာဂတ်ကို ထွန်းညှိခြင်း

ကမ္ဘာ့သမိုင်းစဉ်တစ်လျှောက် နိုင်ငံတစ်နိုင်ငံ၏ အင်အားကို တိုင်းတာရာတွင် ထိုနိုင်ငံရှိ လူသားအရင်းအမြစ်များ၏ အသိဉာဏ်ပညာဖြင့်မားမှုကို အဓိကထား စံနှုန်းသတ်မှတ်ခဲ့ကြပါသည်။ လူငယ်ဟူသည် နိုင်ငံတော်၏ အနာဂတ်မိသုကာများ ဖြစ်ကြသည့်အလျောက် ၎င်းတို့၏ စဉ်းစားတွေးခေါ်မှု မှန်ကန်ရန်မှာ အလွန်အရေးကြီးသော အချက်ဖြစ်ပါသည်။

ရွှေစင်ထွန်း(အညာမြေ)

> ❖ **လူငယ်ဟူသည် စွမ်းအင်အပြည့်ရှိသော အရွယ်ဖြစ်သဖြင့် ထိုစွမ်းအင်ကို လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိရန် အသိဉာဏ်ဖြင့် ထိန်းကျောင်းရမည်၊ စာဖတ်ခြင်းသည် လူငယ်များအား အမှားနှင့်အမှန်ကို ချိန်ဆနိုင်သော ချိန်ခွင်လျှာတစ်ခုကို ပေးအပ်နိုင်၊ လွဲမှားသော အတွေးအခေါ်များ၊ မူးယစ်ဆေးဝါးနှင့် ဒုစရိုက်လောကထဲသို့ မကျရောက်စေရန် စာပေက အကာအကွယ်ပေးထား၊ အမှန်တရားကို မြတ်နိုးသော လူငယ်ထုသည် နိုင်ငံတော်၏ အဖိုးတန်ဆုံးသော ရတနာများဖြစ်**

ယနေ့ကဲ့သို့ နည်းပညာနှင့် သတင်းအချက်အလက်များ အရှိန်အဟုန်ဖြင့် စီးဆင်းနေသော ခေတ်ကာလတွင် ပညာဗဟုသုတတည်းဟူသော လက်နက်မပါဘဲ လောကကို ရင်ဆိုင်ရန်မှာ မဖြစ်နိုင်သလောက်ပင် ခက်ခဲလှပါသည်။ ထိုပညာဗဟုသုတကို ရရှိရန်အတွက် အခြေခံအကျဆုံးနှင့် အထိ ရောက်ဆုံးသော နည်းလမ်းမှာ "စာဖတ်ခြင်း" ပင်ဖြစ်ပါသည်။ စာဖတ်ခြင်းက လူတစ်ဦးချင်းစီ၏ အသိဉာဏ်ကို ပွင့်လင်းစေရုံသာမက နိုင်ငံအတွင်း ရှိ လူငယ်ထုတစ်ရပ်လုံးကို လမ်းမှားသို့ မရောက်ရှိစေရန် ထိန်းကျောင်းပေးနိုင်သော အကောင်းဆုံးသော လမ်းပြမြေပုံလည်း ဖြစ်ပါသည်။

အနာဂတ်နိုင်ငံတော်၏ အုတ်မြစ်နှင့် လူငယ်တို့၏ တာဝန်

နိုင်ငံတစ်နိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲမှုသည် ထိုနိုင်ငံတွင် မှီတင်းနေထိုင်ကြသော လူငယ်ထု၏ အရည်အသွေးအပေါ်တွင် တိုက်ရိုက်တည်မီနေပါသည်။ လူငယ်တို့သည် နိုင်ငံတော်၏ အနာဂတ် ဗိသုကာများဖြစ်ကြသည့်အလျောက် မိမိတို့၏ ပခုံးပေါ်တွင် တင်ရှိနေသော သမိုင်းပေးတာဝန်ကို သိရှိနားလည်ရန် လိုအပ်လှပါသည်။ ထိုတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် စာပေဗဟုသုတ တည်းဟူသော ခိုင်မာသည့် အုတ်မြစ်ကို စနစ်တကျ ချမှတ်ထားရမည်ဖြစ်ပါသည်။ စာဖတ်ခြင်းက လူငယ်တို့အား တာဝန်သိစိတ်၊ တာဝန်ခံစိတ်ရှိသော နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးသည့် အခြေခံအကျဆုံးသော လမ်းစဉ်ပင် ဖြစ်ပါသည်။

စာမဖတ်ခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများနှင့် အသိအမြင် ကျဉ်းမြောင်းမှု

စာပေနှင့် ဝေးကွာသော လူငယ်တစ်ဦးသည် မိမိကိုယ်တိုင် တည်ဆောက်ထားသော ကျဉ်းမြောင်းသည့် အမှောင်ကမ္ဘာထဲတွင်သာ ပိတ်လှောင်ခြင်း ခံထားရသကဲ့သို့ ရှိနေတတ်ပါသည်။ စာမဖတ်ခြင်းကြောင့် အသိဉာဏ်ချို့တဲ့မှုက တစ်ကိုယ်ကောင်းဆန်သော အတွေးအခေါ်များကို ဖြစ်ပေါ်စေပြီး ပတ်ဝန်းကျင်နှင့် လောကအပေါ် အမြင်စောင်းမှုများကို ဖန်တီးပေးပါသည်။ အသိအမြင် ကျဉ်းမြောင်းသူတို့သည် ခိုင်လုံသော အထောက်အထားများ မပါဘဲ ဆုံးဖြတ်ချက်များ ချမှတ်တတ်ကြသဖြင့် မိမိဘဝ လမ်းကြောင်းကို မှားယွင်းစွာ လျောက်လှမ်းမိစေနိုင်သည့်အပြင် လူ့အဖွဲ့အစည်းအတွက်လည်း ဝန်ထုပ်ဝန်ပိုး ဖြစ်စေနိုင်ပါသည်။

ကမ္ဘာ့အခြေအနေနှင့် ရင်ပေါင်တန်းနိုင်ရန် စာဖတ်ခြင်း၏ အရေးပါမှု

ယနေ့ကာလသည် ပထဝီဝင် အကန့်အသတ်များ ကျော်လွှားကာ ကမ္ဘာကြီးတစ်ခုလုံး ချိတ်ဆက်နေသော (Globalization) ခေတ်ကာလဖြစ်ပါသည်။ နိုင်ငံတကာတွင် ဖြစ်ပျက်နေသော စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးအပြောင်းအလဲများကို မျက်ခြည်မပြတ် သိရှိနေရန်မှာ စာဖတ်ခြင်းကသာ အကောင်းဆုံးသော ပြတင်းပေါက်ဖြစ်ပါသည်။ ကမ္ဘာ့ဖြစ်စဉ်များကို မသိရှိဘဲ မိမိနိုင်ငံအတွင်း၌သာ မှိန်းနေပါက အခြားသော နိုင်ငံများ၏ ရှေ့သို့ တက်လှမ်းသွားမှုနောက်တွင် မိမိတို့ လူငယ်များမှာ နောက်ကျကျန်ရစ်ခဲ့မည်ဖြစ်ပါသည်။ စာဖတ်ခြင်းသည် မိမိတို့၏ အမြင်ကို ကမ္ဘာအဆင့်အထိ ကျယ်ပြန့်စေပါသည်။

နည်းပညာတိုးတက်မှုနှင့် စာဖတ်အား၏ အပြန်အလှန် ဆက်နွယ်မှု

နည်းပညာများသည် တောမီးကဲ့သို့ လျင်မြန်စွာ ပြောင်းလဲနေပြီး လူသားတို့၏ နေ့စဉ် ဘဝထဲသို့ နက်ရှိုင်းစွာ ဝင်ရောက်လာပြီဖြစ်သည်။ သို့သော် ထိုနည်းပညာများကို အမှန်တကယ် အကျိုးရှိရှိ အသုံးချနိုင်ရန်မှာ စာဖတ်ခြင်းမှ ရရှိသော အခြေခံဗဟုသုတ လိုအပ်ပါသည်။ စာဖတ်အားကောင်းသော လူငယ်သည် နည်းပညာအသစ်များကို လျင်မြန်စွာ သင်ယူနိုင်စွမ်းရှိပြီး ယင်းတို့ကို မိမိနှင့် မိမိနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကိရိယာတစ်ခုအဖြစ် ကျွမ်းကျင်စွာ အသုံးချနိုင်မည်ဖြစ်ပါသည်။

သတင်းအချက်အလက် အမှားအမှန် ခွဲခြားနိုင်သော ဝေဖန်ပိုင်းခြားနိုင်စွမ်း

သတင်းအချက်အလက် နည်းပညာခေတ်တွင် အချက်အလက်များ (Information) ပေါများလွန်းလှသော်လည်း ထိုအထဲတွင် မဟုတ်မမှန်သော ဝါဒဖြန့်မှုများနှင့် သတင်းတုများစွာ ရောနှောနေပါသည်။ စာဖတ်ခြင်းသည် လူငယ်တို့၏ ဦးနှောက်ကို အချက်အလက် စစ်ထုတ်စက် (Filter) တစ်ခုကဲ့သို့ ဖြစ်လာစေပါသည်။ စာပေဗဟုသုတ ပြည့်စုံသူသည် မည်သည့်သတင်းစကားကိုမဆို အလွယ်တကူ မယုံကြည်ဘဲ ကျိုးကြောင်းဆင်ခြင်၍ ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသဖြင့် လမ်းမှားသို့ ပို့ဆောင်မည့်သူများ၏ လက်တွင်းသို့ မသက်ဆင်းဘဲ မိမိကိုယ်မိမိ ကာကွယ်နိုင်ပါသည်။

နိုင်ငံတော်တစ်ဝန်းရှိ စာကြည့်တိုက်များ၏ အသုံးချမှုနှင့် အကျိုးကျေးဇူး

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၊ အထူးသဖြင့် လူငယ်များ အလွယ်တကူစာဖတ်နိုင်ရန်အတွက် မြို့ပြမှသည် ကျေးရွာအဆင့်အထိ စာကြည့်တိုက်များစွာကို တည်ဆောက်ဖွင့်လှစ်ပေးထားပါသည်။ ဤစာကြည့်တိုက်များသည် ဗဟုသုတဘဏ္ဍာတိုက်များဖြစ်ကြပြီး မည်သူမဆို လွတ်လပ်စွာ ဝင်ရောက်ရှာဖွေနိုင်သော ပညာဘဏ်တိုက်များဖြစ်ပါသည်။ လူငယ်များအနေဖြင့် အချိန်ကို အကျိုးမဲ့ မဖြုန်းတီးဘဲ ဤအခမဲ့ ရရှိနိုင်သော အရင်းအမြစ်များကို အသုံးချကာ မိမိတို့၏ အသိပညာကို ဖြည့်တင်းကြရမည် ဖြစ်ပါသည်။

ခေတ်မီနည်းပညာခေတ်တွင် စာပေဖတ်ရှုမှုပုံစံ ပြောင်းလဲလာခြင်း

စာဖတ်ခြင်းသည် ယခင်ကကဲ့သို့ စက္ကူစာအုပ်များပေါ်တွင်သာ ကန့်သတ်မနေတော့ဘဲ စမတ်ဖုန်းနှင့် ကွန်ပျူတာများပေါ်တွင် (E-book)အဖြစ် ဖတ်ရှုနိုင်သော အခြေအနေသို့ ရောက်ရှိလာပါသည်။ ထိုအပြောင်းအလဲသည် လူငယ်များအတွက် ပိုမို လွယ်ကူသော အခွင့်အလမ်းဖြစ်စေရန် ရည်ရွယ်ပါသည်။ အချိန်မရွေး၊ နေရာမရွေး ပညာရှာနိုင်သော ခေတ်ကာလတွင် လူငယ်များအနေဖြင့် ဖုန်းကို အပျော်အပါးအတွက်သာ မဟုတ်ဘဲ မိမိဘဝ တိုးတက်စေမည့် စာပေများ ဖတ်ရှုရန်အတွက် အလေးထား အသုံးပြုသင့်ပါသည်။

စာဖတ်ခြင်းဖြင့် ရရှိနိုင်သော စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်မှု

စာပေသည် လူတစ်ဦး၏ အတွေးအခေါ်ကို ရင့်ကျက်စေရုံသာမက နှလုံးသားကိုလည်း နူးညံ့ပျော့ပျောင်းစေပါသည်။ ကောင်းမွန်သော စာပေများကို ဖတ်ရှုခြင်းဖြင့် အမျက်ဒေါသကို ထိန်းချုပ်နိုင်ခြင်း၊ သည်းခံခြင်းနှင့် စာနာနားလည်ခြင်း စသည့် မြင့်မြတ်သော စိတ်ဓာတ်များ ကိန်းအောင်းလာစေပါသည်။ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ရင့်ကျက်သော လူငယ်များသည် လောကဓံ၏ လှိုင်းတံပိုးများကို ကြံ့ကြံ့ခံနိုင်ပြီး တည်ငြိမ်အေးချမ်းသော လူ့အဖွဲ့အစည်းကို ဖော်ဆောင်နိုင်သော အင်အားစုများ ဖြစ်လာမည် ဖြစ်ပါသည်။

နိုင်ငံရေးနှင့် လူမှုရေးရာ အမြင်များ မှန်ကန်စေရန် လေ့လာခြင်း

မိမိနိုင်ငံ၏ သမိုင်းကြောင်းနှင့် ယနေ့ဖြစ်ပျက်နေသော နိုင်ငံရေးအခင်းအကျင်းများကို မှန်ကန်စွာ သိရှိရန်မှာ စာဖတ်ခြင်းမှတစ်ပါး အခြားနည်းလမ်းမရှိပါ။ သမိုင်းစာပေများကို ဖတ်ရှုခြင်းဖြင့် အတိတ်က မှားယွင်းမှုများကို သင်ခန်းစာယူနိုင်ပြီး အနာဂတ်အတွက် ပိုမိုကောင်းမွန်သော လမ်းကြောင်းများကို ရွေးချယ်နိုင်မည်ဖြစ်သည်။ နိုင်ငံရေးအသိ၊ နိုင်ငံရေးသတိရှိသော လူငယ်တစ်ဦးသည် သူတစ်ပါး၏ သွေးထိုးလှုံ့ဆော်မှုအောက်သို့ မရောက်ရှိဘဲ နိုင်ငံအတွက် အကျိုးရှိမည့်ဘက်တွင်သာ ရပ်တည်နိုင်မည် ဖြစ်ပါသည်။

စာပေဗဟုသုတနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အောင်မြင်မှု

မည်သည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းတွင်ဆို ထိပ်ဆုံးသို့ ရောက်ရှိရန်အတွက် မိမိလုပ်ငန်းနှင့် သက်ဆိုင်သော စာပေဗဟုသုတများကို အမြဲတစေလေ့လာနေရန် လိုအပ်ပါသည်။ စာဖတ်သော လူငယ်သည် မိမိလုပ်ကိုင်နေသော အလုပ်တွင် ပိုမိုကျွမ်းကျင်လာပြီး ဆန်းသစ်တီထွင်မှုများကို ပြုလုပ်နိုင်ပါသည်။ စာမဖတ်ဘဲ အတွေ့အကြုံသက်သက်ဖြင့်သာ သွားနေသူသည် တစ်နေရာ၌ ရပ်တန့်နေတတ်သော်လည်း စာဖတ်သူမှာမူ အမြဲတမ်း တိုးတက်ပြောင်းလဲနေသော လောကနှင့်အတူ အောင်မြင်မှု ပန်းတိုင်ဆီသို့ လျင်မြန်စွာ ရောက်ရှိနိုင်ပါသည်။

အမှားကို ရှောင်ရှားပြီး အမှန်ကို ဖော်ဆောင်နိုင်သည့် လူငယ်စွမ်းအား

လူငယ်ဟူသည် စွမ်းအင်အပြည့်ရှိသော အရွယ်ဖြစ်သဖြင့် ထိုစွမ်းအင်ကို လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိရန် အသိဉာဏ်ဖြင့် ထိန်းကျောင်းရမည် ဖြစ်ပါသည်။ စာဖတ်ခြင်းသည် လူငယ်များအား အမှားနှင့်အမှန်ကို ချိန်ဆနိုင်သော ချိန်ခွင်လျှာတစ်ခုကို ပေးအပ်နိုင်ပါသည်။ လွဲမှားသော အတွေးအခေါ်များ၊ မူးယစ်ဆေးဝါးနှင့် ဒုစရိုက်လောကထဲသို့ မကျရောက်စေရန် စာပေက အကာအကွယ်ပေးထားပါသည်။ အမှန်တရားကို မြတ်နိုးသော လူငယ်ထုသည် နိုင်ငံတော်၏ အဖိုးတန်ဆုံးသော ရတနာများဖြစ်ကြပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးတွင် အသိပညာ၏ အခန်းကဏ္ဍာ

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် စစ်အင်အား၊ ဥပဒေအင်အားထက် အသိပညာအင်အားက ပိုမိုအရေးကြီးပါသည်။ အသိပညာရှိသော လူထုသည် ငြိမ်းချမ်းရေး၏ တန်ဖိုးကို နားလည်ကြပြီး အဖျက်သမားတို့၏ သွေးထိုးမှုကို လက်မခံဘဲ ပူးပေါင်းဆောင်ရွက်မှု၏ စွမ်းအားကို ယုံကြည်ကြပါသည်။ စာဖတ်ခြင်းဖြင့် ရရှိလာသော မြေဝိမြင်နိုင်စွမ်းသည် ပဋိပက္ခများကို ရှောင်ရှားစေပြီး ညီညွတ်သော နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် အဓိက ကျောရိုးဖြစ်စေပါသည်။

စာပေယဉ်ကျေးမှုနှင့် အမျိုးသားရေးစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

မိမိတို့၏ ဘိုးဘွားများ ထိန်းသိမ်းခဲ့သော စာပေနှင့် ယဉ်ကျေးမှုများကို ဖတ်ရှုလေ့လာခြင်းသည် အမျိုးသားရေးစိတ်ဓာတ်ကို နှိုးကြားစေပါသည်။ မိမိတို့၏ ရိုးရာဓလေ့၊ ဘာသာစကားနှင့် သမိုင်းဂုဏ်ရောင်များကို စာပေမှတစ်ဆင့် သိရှိလာသော အခါ မိမိနိုင်ငံနှင့် လူမျိုးအပေါ် မြတ်နိုးတန်ဖိုးထား စိတ်များ ပိုမိုခိုင်မာလာပါသည်။ စာပေသည် လူမျိုးတစ်မျိုး၏ ဝိညာဉ်ဖြစ်သဖြင့် ထိုဝိညာဉ် ရှင်သန်နေသရွေ့ နိုင်ငံသည်လည်း ခန့်ညားထည်ဝါနေမည်ဖြစ်ပါသည်။

တီထွင်ဖန်တီးနိုင်စွမ်းနှင့် စာဖတ်ခြင်း၏ စေ့ဆော်မှု

ကမ္ဘာပေါ်ရှိ ကျော်ကြားသော တီထွင်သူများနှင့် သိပ္ပံပညာရှင်ကြီးများသည် စာအုပ်များကို အနီးကပ်ဆုံး သူငယ်ချင်းများအဖြစ် ထားရှိခဲ့ကြသူများ ဖြစ်သည်။ စာဖတ်ခြင်းသည် ဦးနှောက်၏ လုပ်ဆောင်ချက်ကို လှုံ့ဆော်ပေးပြီး မတူညီသော ရှုထောင့်များမှ တွေးတောနိုင်စွမ်း (Creative Thinking)ကို ဖြစ်ပေါ်စေပါသည်။ အသစ်အသစ်သော စိတ်ကူးစိတ်သန်းများကို စာပေမှ ရရှိနိုင်သဖြင့် လူငယ်တို့၏ တီထွင်ဖန်တီးနိုင်စွမ်းသည် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုနှင့် ဖွံ့ဖြိုးရေးအတွက် ကြီးမားသော အင်အားဖြစ်လာပါမည်။

စာဖတ်ခြင်းဖြင့် စရိုက်လက္ခဏာ ကောင်းမွန်အောင် ပြုပြင်ခြင်း

"စာအုပ်စာပေ လူ့မိတ်ဆွေ"ဟူသော စကားအတိုင်း စာအုပ်ကောင်းများသည် လူငယ်တို့၏ စရိုက်လက္ခဏာကို ပြုပြင်ပေးနိုင်သော မိတ်ဆွေကောင်းများ ဖြစ်ကြပါသည်။ ကောင်းမြတ်သော သူရဲကောင်းများ၊ စံပြပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို ဖတ်ရှုခြင်းဖြင့် ၎င်းတို့၏ စိတ်ဓာတ်နှင့် ကျင့်ဝတ်များကို အတုယူလာစေပါသည်။ *စာမျက်နှာ ၁၁ သို့*

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဗူးဘုရားရင်ပြင်တော်ပေါ်၌ ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူ စုပေါင်းသန့်ရှင်းရေးပြုလုပ်ပြီး မြို့ပေါ်စာသင်တိုက်ကြီးများသို့ ဆွမ်းဆန်၊ ပဲ၊ ပဲဆီများ လှူဒါန်း

ညောင်ဦး ဧပြီ ၁၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ နှစ်ဦးကုသိုလ်ပြုလုပ်သူများ၊ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိရာ ယမန်နေ့ နံနက် ၉ နာရီက ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာဟိန်းနှင့် အဖွဲ့ဝင်များသည် ဗူးဘုရားရင်ပြင်တော်ပေါ် သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ဆီမီး၊ ဆွမ်း၊ ပန်းကပ်လှူခြင်း၊ စာချ စာသင်တိုက်ကြီးများတွင် ဆွမ်းဆန်၊ ပဲဝါနှင့် ပဲဆီများလှူဒါန်းခဲ့ကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေးပြုလုပ်

ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များသည် နှစ်ဦးကုသိုလ်အဖြစ်အခေါ်သရာစု(ဗျူစောထီးမင်းတည်ထားကိုးကွယ်ခဲ့သည့် ဗူးဘုရားစေတီတော် ရင်ပြင်တော်ပေါ် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ အာရုံခံတန်ဆောင်းအတွင်းရှိဗုဒ္ဓရုပ်ပွားတော်အား ရောင်တော်ဖွင့်ခြင်း၊ ဗူးဘုရားစေတီတော်အား ဆီမီး၊ ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူခြင်း၊ ကျန်စစ်သားဥမင်စာသင်တိုက်ကြီးအတွက် ဆွမ်းဆန်အိတ် ခုနစ် အိတ်၊ ပဲဝါ တစ်အိတ်၊ ပဲဆီ ၁၀ ပိဿာ၊ လောကနန္ဒာ စာသင်တိုက်ကြီးအတွက် ဆွမ်းဆန် ခုနစ်အိတ်၊ ပဲဝါ နှစ်အိတ်နှင့် ပဲဆီ သန့် ၁၀ ပိဿာနှင့် သာသနာ့ရောင်ခြည်သီလရှင် စာသင်တိုက်အတွက် ဆွမ်းဆန် ခုနစ်အိတ်၊ ပဲဝါ တစ်အိတ်နှင့် ပဲဆီသန့် ၁၀ ပိဿာတို့အား နှစ်ဦးကုသိုလ်အဖြစ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဒီပါလင်း



အုတ်တွင်းမြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

အုတ်တွင်း ဧပြီ ၁၉

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများအား ကျောင်းစာအပြင် ပြင်ပစာပေများဖတ်ရှုသည့် အလေ့အကျင့်များ ရရှိစေရေး၊ စာကြည့်တိုက်နှင့် ရင်နှီးကျွမ်းဝင်မှုရှိစေရေးနှင့် အသိပညာဗဟုသုတများ ရရှိစေရေး အတွက် ယနေ့နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ငွေတာရီမဂ္ဂဇင်းအမှတ် (၇၈၇)။ ဖေဖော်ဝါရီလ၊ ၂၀၂၆ ခုနှစ် ထုတ်စာအုပ်ပါ ဆောင်းပါးရင်ကိုရွေးသံ(မြန်မာစာ)ရေးသားသည့် “အလေ့အကျင့်ကောင်းတစ်ခုပြုစုပျိုးထောင်ကြဖို့ရာ” ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းကျင်းပသည်။



အဆိုပါစာဖတ်ဝိုင်းတွင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက စာဖတ်ဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ချို (စာရေးဆရာ ခင်မောင်ချို -ကညွတ်ကွင်း) က ဆောင်းပါးပါ အကြောင်းအရာများအား ရှင်းလင်းဆွေးနွေးပြောကြားကာ စာဖတ်ဝိုင်းသို့တက်ရောက်လာသော စာပေဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများက အချင်းချင်း အပြန်အလှန် ဆွေးနွေးကြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများအား အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်း ခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူ လုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

စာမျက်နှာ ၁၀ မှ

စာဖတ်ခြင်းက လူတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားကို မြှင့်တင်ပေးခြင်းဖြင့် အကျင့်ပျက်ခြစားမှုကင်းစင်သော လူ့အဖွဲ့အစည်းကို ဖော်ဆောင်နိုင်ပါသည်။

အချိန်ကို အကျိုးရှိစွာ အသုံးချခြင်းနှင့် စာဖတ်သည့် အလေ့အထ

အချိန်သည် လူတိုင်းအတွက် တန်းတူညီမျှရရှိထားသော ရတနာဖြစ်သော်လည်း ထိုအချိန်ကို အသုံးချပုံမှာ ကွာခြားတတ်ပါသည်။ အချို့သော လူငယ်များသည် အနှစ်သာရ မရှိသော ကိစ္စရပ်များတွင် အချိန်ဖြုန်းနေတတ်သော်လည်း စာဖတ်သော လူငယ်မှာမူ မိနစ်တိုင်းကို ဗဟုသုတအဖြစ်ပြောင်းလဲနေပါသည်။ စာဖတ်သည့် အလေ့အထကို ငယ်စဉ်ကတည်းက ပျိုးထောင်ထားခြင်းသည် ဘဝတစ်လျှောက်လုံးအတွက် တန်ဖိုးမဖြတ်နိုင်သော ရင်းနှီးမြှုပ်နှံမှုတစ်ခုကို ပြုလုပ်နေခြင်းပင် ဖြစ်ပါသည်။

ပညာခေတ်၏ စိန်ခေါ်မှုများကို စာပေဖြင့် ရင်ဆိုင်ကျော်လွှားခြင်း

ယနေ့ခေတ်သည် ပစ္စည်းဥစ္စာထက် အသိပညာ (Intellectual Property)က ပိုမိုတန်ဖိုးရှိသော ခေတ်ဖြစ်သည်။ ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် လက်နက်ဖြင့် မဟုတ်ဘဲ အသိဉာဏ်ဖြင့်သာ ယှဉ်ပြိုင်ကြရပါသည်။ စာဖတ်ခြင်းမှ ရရှိသော အစွမ်းထက်သည့် ပညာရပ်များသည် လူငယ်များအား မည်သည့်အခက်အခဲနှင့် စိန်ခေါ်မှုကိုမဆို ထိုးဖောက်ကျော်လွှားနိုင်သော သတ္တိနှင့် စွမ်းရည်ကို ပေးစွမ်းနိုင်ပါသည်။

စာကြည့်တိုက်များ၏ အခန်းကဏ္ဍနှင့် လူထုပညာပေးမှု

စာကြည့်တိုက်များသည် အတန်းပညာသင်ကြားပေးသည့် ကျောင်းများကဲ့သို့ပင် အရေးကြီးသော အပြင်ပန်း ပညာရေးဌာနများ ဖြစ်ကြပါသည်။ လူငယ်များအနေဖြင့် ကျောင်းသင်ခန်းစာများအပြင် ပြင်ပဗဟုသုတများစွာကို စာကြည့်တိုက်များတွင် ရှာဖွေနိုင်ပါသည်။ နိုင်ငံတော်မှ ခင်းကျင်းပေးထားသော ဤပညာခင်းကျင်းမှုများတွင် တက်ကြွစွာ ပါဝင်ခြင်းဖြင့် မိမိတို့၏ အဆင့်အတန်းကို မြှင့်တင်ရမည် ဖြစ်ပါသည်။

မိမိကိုယ်တိုင် တိုးတက်မှ နိုင်ငံတော် တိုးတက်မည်ဟူသော ခံယူချက်

နိုင်ငံတစ်နိုင်ငံ တိုးတက်ရန်အတွက် နိုင်ငံသားတစ်ဦးချင်းစီ တိုးတက်ရန် လိုအပ်ပါသည်။ လူငယ်တစ်ဦး စာဖတ်ခြင်းသည် ထိုလူငယ်၏ ဘဝကို သာမက သူ၏ မိသားစု၊ ပတ်ဝန်းကျင်နှင့် တစ်နိုင်ငံလုံး၏ အသိပညာအဆင့်အတန်းကို မြှင့်တင်ရာရောက်ပါသည်။ “စာဖတ်သောလူမျိုးသည် တိုးတက်သည်”ဟူသော စကားရပ်နှင့်အညီ စာဖတ်ခြင်းဖြင့် နိုင်ငံတော်ကို ဝိုင်းဝန်းမြှင့်တင်ကြရမည် ဖြစ်ပါသည်။

“စာကြည့်တိုက်များသည် အတန်းပညာသင်ကြားပေးသည့် ကျောင်းများကဲ့သို့ပင် အရေးကြီးသော အပြင်ပန်းပညာရေးဌာနများဖြစ်၊ လူငယ်များအနေဖြင့် ကျောင်းသင်ခန်းစာများအပြင် ပြင်ပဗဟုသုတများကို စာကြည့်တိုက်များတွင် ရှာဖွေနိုင်ပြီး နိုင်ငံတော်မှ ခင်းကျင်းပေးထားသော ဤပညာခင်းကျင်းမှုများတွင် တက်ကြွစွာ ပါဝင်ခြင်းဖြင့် မိမိတို့၏အဆင့်အတန်းကို မြှင့်တင်ရမည်ဖြစ်”

ဆိုရပါလျှင် စာဖတ်ခြင်းသည် လူငယ်တစ်ဦး၏ ဘဝအတွက်သာမက နိုင်ငံရေးရည်တည်တံ့ခိုင်မြဲရေးအတွက်ပါ မရှိမဖြစ် လိုအပ်သော လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ စာဖတ်ခြင်းဖြင့် အမှားနှင့်အမှန်၊ အကြောင်းနှင့်အကျိုးကို ခွဲခြားသိမြင်လာခြင်းသည် လူငယ်များအား လမ်းမှားသို့ မရောက်ရှိစေရန် ကာကွယ်ပေးနိုင်သော အကောင်းဆုံး လက်နက်ဖြစ်ပါသည်။ နည်းပညာတိုးတက်မှုများကို အကျိုးရှိရှိ ပေါင်းစပ်လျက် နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များကို မိမိတို့၏ အိမ်ဦးခန်းသဖွယ် သဘောထားကာ အသုံးချကြရမည်ဖြစ်သည်။ စာဖတ်ခြင်းဖြင့် အသိဉာဏ်ပညာ မြင့်မားသော လူငယ်များရှိမှ သာလျှင် နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်သော နိုင်ငံတော် သစ်အဖြစ်သို့ မုချမသွေ ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော် ရေးသားလိုက်ရပါသည်။ ။

ကြံခင်းမြို့နယ်၌ ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးအား "ဂုဏဝိသိဋ္ဌပူဇာ" ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ မင်္ဂလာအခမ်းအနားကျင်းပ

ကြံခင်း ဧပြီ ၁၉

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ပိန်းကွင်းကျေးရွာ၌ ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား "ဂုဏဝိသိဋ္ဌပူဇာ" ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းတိုက်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ သက်တော်ရှည်ဆရာတော်ကြီးများနှင့် မြို့နယ်သံဃနာယကဆရာတော်ကြီးများ၊ ပင့်သံဃာတော် အရှင်သူမြတ်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား လယ်ယာပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကဝိသာရ ရေးသားတော်မူသော ပလ္လင်တော်ပင့် "နိမန္တဂါထာတော်"ဖြင့်ပင့်ဆောင်ပြီး ကြံခင်းမြို့ ဂိုဏ်းထောက်ကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒောဘာသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် ဟသ်ာတမြို့ မဟိတာရုံကျောင်းတိုက်ဆရာတော် ရေးစပ်သော "ဂုဏပသတ္တဂါထာတော်"အား မှော်ဘီမြို့ သံဃနာယက အကျိုးတော်ဆောင်ဆရာတော်ကလည်းကောင်း၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ပိန်းကွင်းဆရာတော်ကြီး၏ ထေရုပတ္တိအကျဉ်းအား ကညင်ချောင်းဆရာတော်ကလည်းကောင်း ဖတ်ကြားပူဇော်ကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးကျော်မင်းထက်တို့က ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များအား ပိန်းကွင်းဆရာတော်ကြီးထံ ထပ်ဆင့်ဆက်ကပ်လှူဒါန်းကြသည်။



ထို့နောက် ကြာနီကန်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘန္ဒန္တဏ္ဍသဘ (နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်)နှင့် ပင့်သံဃာတော်အရှင်သူမြတ်များအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က အသီးသီး လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဇောတိဿရ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အရှင်သူမြတ်ထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားအား "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု"သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

ဖြိုးဝေလင်း
(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီက လေဘေးသင့်ပြည်သူများအား ကူညီ



ကြို့ပင်ကောက် ဧပြီ ၁၉

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့သော လူမှုကရုဏာဆိုင်ရာပစ္စည်းများအား တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ လေဘေးသင့်ပြိုလဲနေအိမ် မိသားစုများအား ကူညီပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းက ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်းသန်းက ဘေးဒုက္ခခံစားနေရသူများအား ကူညီရန်ဟူသည့်အချက်နှင့်အညီ လေဘေးသင့်အိမ်ပြိုလဲမိသားစုများအား လာရောက်ကူညီရခြင်းဖြစ်ကြောင်း၊ ဆုံးရှုံးမှုတန်ဖိုးနှင့်နှိုင်းယှဉ်ပါက နည်းပါးသည်ဆိုသော်လည်း ဖြည့်ဆည်းကူညီပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်း၊ တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လေဘေးသင့်ပြိုလဲအိမ်ထောင်စုများအား မိသားစုသုံးပစ္စည်းများကို လက်ရောက်ပေးအပ်ကြသည်။

ဧပြီ ၁၇ ရက်က လေဘေးဒဏ်ခံစားရပြီး အိမ်ပြိုလဲခဲ့သော မိသားစု ၅၇ စုအတွက် အိမ်ထောင်စုတစ်စုလျှင် တာပေါ်လင်တစ်စ၊ စောင်တစ်ထည်၊ အမျိုးသမီးသုံးပစ္စည်း Dignity kit တစ်အိတ်၊ အမျိုးသားသုံးပစ္စည်း Individual Hygiene kit တစ်အိတ် တန်ဖိုးငွေကျပ် နှစ်သိန်းနှစ်သောင်းအား ပံ့ပိုးကူညီပေးအပ်ခဲ့ကြောင်း သိရသည်။

ဇေယျာထွန်း
(ကြို့ပင်ကောက်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန် မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာ ခံစားရပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါ အချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ် ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ။

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ (၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမို ခံစားရစေနိုင်ပြီးဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင် လေထွက်ကောင်းသောနေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန

ရေချွေတာရေး နည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက်မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ် ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

မိုင်းယောင်းမြို့၌ အသိပညာပေးဟောပြောပွဲ ကျင်းပ



မိုင်းယောင်း ၈ပြို ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဝမ်ကောင်းကျေးရွာ၌ အသိပညာပေးဟောပြောပွဲကို ယနေ့ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် မြို့နယ်ဌာနဆိုင်ရာမှ တာဝန်ရှိသူများက လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ကင်းစင်ရေး၊ လူငယ်ရေးရာနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများကို ဟောပြောသည်။

ထို့နောက် ၂၀၂၆-၂၀၂၇ ဆီထွက်သီးနှံနေကြာ လျာထားချက် ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ အုတ်ကြွပ်များ အဆင့်မီထုတ်လုပ်နိုင်ရေး၊ ရောဘာ၊ ကော်ဖီနှင့် လက်ဖက်များ ကုန်ချောထုတ်လုပ်နိုင်ရေး၊ ထပ်လုံစေတီတော်အတွက် လှူဒါန်းမှုအစုစုအား ရေစက်ချအလှူမင်္ဂလာ ကျင်းပနိုင်ရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ နမ့်ယောင်းချောင်းသန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး၊ အမှိုက်များ စနစ်တကျစွန့်ပစ်ရေးတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

မိုင်းအောင်ဇော်လင်း

သရက်ချောင်းမြို့နယ်၌ အန္တရာယ်ကင်းပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ်ပူဇော်

သရက်ချောင်း ၈ပြို ၁၉

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက် နှင့် ၂ ရက်တို့တွင် ဆရာတော်သံဃာတော်များက မြို့တွင်းသို့ လှည့်လည်၍ ကမ္ဘဝါစာရွတ်ဖတ်ခြင်းနှင့် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။



ထိုသို့ လှည့်လည်ရာတွင် မြို့ပေါ်ရပ်ကွက်နေပြည်သူများကပန်း၊ ရေချမ်း၊ ဆီမီးများဖြင့် ပူဇော်ခြင်း၊ ဆရာတော်များက ကမ္ဘဝါစာမြို့တွင်းသို့ လှည့်လည်ရွတ်ဖတ်ခြင်းနှင့် ပြည်သူများက ဥပါသကာများထံ အလှူငွေများ လှူဒါန်းခြင်း၊ အာဟာရခဲနအဖြစ် အအေး၊ မုန့်များ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုးပိုင်(သရက်ချောင်း)

ပြည်သူများ လက်ဝယ်သို့ စားအုန်းဆီအပြည့်အဝထုတ်ယူရရှိရေး ကွင်းဆင်းစစ်ဆေး

တောင်တွင်းကြီး ၈ပြို ၁၉

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ခွဲဝေရရှိသည့် ပြည်သူ့ဆီ ၂ ရာခိုင်နှုန်းအမြတ်ဖြင့် ရောင်းချသော စားအုန်းဆီများကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ စားသုံးသူ ပြည်သူများ လက်ဝယ်သို့ အပြည့်အဝရောက်ရှိစေရန်နှင့် သတ်မှတ်ရည်ညွှန်းစွဲများအတိုင်း ရောင်းချစေရေးအတွက် တောင်တွင်းကြီးမြို့နယ် စားအုန်းဆီ လက်လီ/လက်ကား ရောင်းချနေသော ဆိုင်များသို့ တရားဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအဖွဲ့၊ ကုန်စျေးနှုန်းတည်ငြိမ်ရေးအဖွဲ့၊ စားအုန်းဆီ တင်သွင်းဖြန့်ဖြူးကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦး၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံ ဒေါ်ငွေးငွေးဦးဆောင်၍ ပူးပေါင်းအဖွဲ့တို့က ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် မြန်မာ့ရိုးရာနွားသစ်ကူး သက်ဖြန်ကာလအတွင်း အလှူအတန်းများသည့်အတွက် စားအုန်းဆီများ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး ထုတ်လုပ်သည့် လုပ်ငန်းများ တွင်ကျယ်လာသည့် အပေါ်တွင် မကွေးတိုင်းဒေသကြီး စက်မှုလုပ်ငန်းသုံးဆီများ ထုတ်ယူရရှိသည့် လုပ်ငန်းများတွင် အမှန်တကယ်သုံးစွဲမှုရှိ/မရှိ၊ စားအုန်းဆီ လက်လီ/လက်ကားရောင်းချနေသည့် ဆိုင်များတွင် ဆိုင်းဘုတ်တင်ရောင်းချခြင်း ရှိ/မရှိ၊ အလေးချိန်တွယ်ပြည့်/မပြည့်၊ ဆီအရည်အသွေးကောင်း/ မကောင်းတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

နောင်နောင် (ဗိသနိုးမြေ)



ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။





လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှုန်း အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်း တို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဌာန သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်း မပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည့်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အစည်းမှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း မပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

ကျူးဘားပြည်သူများကြုံတွေ့နေရသော လူသားချင်းစာနာထောက်ထားမှု အခက်အခဲကို ဘရာဇီး၊ မက္ကဆီကိုနှင့် စပိန်အစိုးရတို့ အလွန်အမင်းစိုးရိမ်

မက်ဒရစ် ဧပြီ ၁၉

ဘရာဇီး၊ မက္ကဆီကိုနှင့် စပိန်အစိုးရတို့သည် ကျူးဘားပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲနှင့်ပတ်သက်ပြီး အလွန်အမင်းစိုးရိမ်ကြောင်း ဧပြီ ၁၈ ရက်တွင် ပြောကြားသည်။

ထို့အပြင် စပိန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသော ပူးတွဲကြေညာချက်အရ အခြေအနေအလွန်ဆိုးရွားမှုကို လျော့ချနိုင်ရန် လိုအပ်သော စီမံဆောင်ရွက်မှုများ လုပ်ဆောင်နိုင်စေရေး တိုက်တွန်းထားကြောင်း သိရသည်။



အဆိုပါ အစိုးရသုံးခုက ပြည်သူလူထု၏ လူနေမှုဘဝ ပိုမိုဆိုးရွားစေမည့် လုပ်ဆောင်ချက်များနှင့် အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်မည့်လုပ်ဆောင်ချက်များကို ရှောင်ကြဉ်ကြရန် သက်ဆိုင်ရာ အဖွဲ့အစည်းများကို တိုက်တွန်းထားသည်။ ကျူးဘားပြည်သူများ ကြုံတွေ့နေရသော အကျပ်အတည်းကို လျော့ပါးစေရန် ၎င်းတို့၏ လူသားချင်းစာနာမှုဆိုင်ရာ ကူညီပံ့ပိုးမှုများကို တိုးမြှင့်လုပ်ဆောင်သွားရန် ကတိပြုခဲ့ကြသည်။

၎င်းတို့သည် လူ့အခွင့်အရေးများ၊ ဒီမိုကရေစီတန်ဖိုးများနှင့် နိုင်ငံပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးမူဝါဒအပေါ် ထားရှိသော ကတိကဝတ်များကိုလည်း ထပ်လောင်း အတည်ပြုခဲ့ကြသည်။ **ဆင်ဟွာ**

အာဖဂန်နစ္စတန်နိုင်ငံတစ်လွှား ရေလွှမ်းမိုးမှုဒဏ်ခံစားခဲ့ရသည့် လူပေါင်း ၇၃၀၀၀ ကျော်ရှိ

ကဘူးလ် ဧပြီ ၁၉

လွန်ခဲ့သော ၁၂ ရက်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ ပြည်နယ် ၃၁ ခုခွဲဖြစ်ပေါ်ခဲ့သည့်ရေလွှမ်းမိုးမှုများကြောင့် လူပေါင်း ၇၃၀၀၀ ကျော် ထိခိုက်ခံစားခဲ့ရသည်ဟု ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) က ထုတ်ပြန်ကြေညာခဲ့ပြီး အဆိုပါထုတ်ပြန်ချက်ကို ဒေသတွင်းသတင်းဌာန တိုလိုနယူးစ်တွင် ဧပြီ ၁၈ ရက်က ဖော်ပြခဲ့သည်။

ရေလွှမ်းမိုးမှုကြောင့် ထောင်နှင့်ချီသည့် နေအိမ်များ၊ စိုက်ပျိုးရေးမြေယာများ၊ အဓိကအခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရသည်။



နေရပ်စွန့်ခွာ မိသားစုများအထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများမှာ ကျန်းမာရေးဝန်ဆောင်မှု ရရှိရန်အတွက် စိန်ခေါ်မှုများနှင့် တွေ့ကြုံနေရသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ လက်ရှိတွင် အစား အသောက်၊ နိုလုံရာနေရာ၊ ငွေကြေးထောက်ပံ့မှုများ လိုအပ်နေသည်ဟု ဖော်ပြထားသည်။

လိုအပ်ချက်များကို ဖြေရှင်းရန်နှင့် နောက်ထပ်လူမှုဘဝ ထိခိုက်ပျက်စီးမှုများကို ကာကွယ်ရန်အတွက် ကူညီထောက်ပံ့မှုများ တိုးမြှင့်ပေးရန် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီများက တောင်းဆိုထားသည်။ **ဆင်ဟွာ**

မက္ကဆီကိုနိုင်ငံအလယ်ပိုင်းရှိ ဘားတစ်ခုခွဲ လက်နက်ကိုင်တိုက်ခိုက်မှုကြောင့် ရှစ်ဦးထက်မနည်း သေဆုံး

မက္ကဆီကိုစီးတီး ဧပြီ ၁၉

မက္ကဆီကိုနိုင်ငံအလယ်ပိုင်း မိုရီလော့စ်ပြည်နယ် အာယာလာမြို့အတွင်းရှိ ဘားတစ်ခုခွဲ ဧပြီ ၁၈ ရက် အစောပိုင်းက လက်နက်ကိုင်တိုက်ခိုက်မှုကြောင့် လူရှစ်ဦးထက်မနည်းသေဆုံးကြောင်း ဒေသတွင်းအာဏာပိုင်များက ပြောကြားသည်။

လက်ရှိတွင် အခင်းဖြစ်ပွားရာနေရာ၌ တွေ့ရှိသည့် သေဆုံးသူရှစ်ဦးအား မူခင်းဆေးပညာဆိုင်ရာကျွမ်းကျင်သူများက လိုအပ်သည့် တရားရေးရာနှင့် နည်းပညာဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်လျက်ရှိကြောင်း မိုရီလော့စ်ပြည်နယ် အစိုးရရှေ့နေရုံးက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ပြည်နယ်ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးအေဂျင်စီမှ စုံစမ်းစစ်ဆေးသူများသည် သက်သေအထောက်အထားများကို စုဆောင်းပြီး အခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ မျက်မြင်သက်သေများကို မေးမြန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ တိုက်ခိုက်မှုနှင့်ပတ်သက်သည့် တာဝန်ရှိသူများကို ဖော်ထုတ်ရန် စုံစမ်းစစ်ဆေးမှုများအားလုံး ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အစိုးရရှေ့နေရုံးက ပြောကြားသည်။ **ဆင်ဟွာ**



ဘရူနိုင်းနိုင်ငံ၌ အာရှ-ပစိဖိတ်ဒေသ အက်ဖ်အေအို ညီလာခံကျင်းပမည်

ဘန်ဒါဆီရီ ဘီဂါဝန် ဧပြီ ၁၉

အာရှ-ပစိဖိတ်ဒေသဆိုင်ရာ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ (၃၈) ကြိမ်မြောက် အစည်းအဝေးကို ဧပြီ ၂၀ ရက်တွင် ဘရူနိုင်းနိုင်ငံ၌ ကျင်းပသွားမည်ဟု အာဏာပိုင်များက ဧပြီ ၁၈ ရက်တွင် ပြောသည်။

ဘရူနိုင်းနိုင်ငံ၏ ကြွယ်ဝသည့် ယဉ်ကျေးမှုများ၊ ဒေသထွက်ပစ္စည်းများနှင့် စိုက်ပျိုးရေးကဏ္ဍတွင် တိုးတက်နေမှုများကိုပြသနိုင်မည့် မဟာဗျူဟာမြောက် အခွင့်အလမ်းဖြစ်သည်ဟု အရင်းအမြစ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ပြောသည်။ အဆိုပါညီလာခံကို ဧပြီ ၂၀ ရက်မှ ၂၄ ရက်အထိ ဘန်ဒါဆီရီဘီဂါဝန်မြို့အနီးရှိ ဟိုတယ်တွင် ကျင်းပသွားမည်ဟု သိရသည်။ **ဆင်ဟွာ**

သီရိလင်္ကာ၌ ခရီးသည်များထံမှ အခကြေးငွေပိုမိုတောင်းခံသည့် ဘတ်စ်ကားအစီးရေ ၈၀ ကို ဒဏ်ရိုက်

ကိုလံဘို ဧပြီ ၁၉

သီရိလင်္ကာအမျိုးသားသယ်ယူပို့ဆောင်ရေးကော်မရှင် (NTC) သည် နိုင်ငံ၏ အစည်းကားဆုံးကာလဖြစ်သည့် ဆင်ဟာလာနှင့် တမီးလ်နှစ်သစ်ကူးကာလအတွင်း ခရီးသည်များထံမှ အခကြေးငွေပိုမိုတောင်းခံသည့် ဘတ်စ်ကားအစီးရေ ၈၀ ကို ဒဏ်ရိုက်လိုက်ကြောင်း ဧပြီ ၁၉ ရက်တွင် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တာဝန်ရှိသူများသည် ဧပြီ ၈ ရက်နှင့် ၁၈ ရက်အတွင်း ဘတ်စ်ကားအစီး ၆၈၀ ကို ရှောင်တခင်စစ်ဆေးခဲ့ရာ ဘတ်စ်ကားအစီး ၈၀ က အတည်ပြုညွှတ်မှတ်ထားသည့် နှုန်းထားထက် ပိုလွန်ကောက်ခံကြောင်း တွေ့ရှိခဲ့သည်ဟု NTC ဘတ်စ်ကားစစ်ဆေးရေးအဖွဲ့ အကြီးအကဲ ရှိဟာနာ ဝတ်တာဂီက သတင်းထောက်များကို ပြောသည်။

ထို့အပြင် တာဝန်ရှိသူများသည် သတ်မှတ်နှုန်းထားထက် ပိုလွန်ကောက်ခံသော ပြန်အမ်းငွေ ခရီးသွားများထံ ပေးခဲ့ပြီး သက်ဆိုင်ရာ ဘတ်စ်ကားလုပ်ငန်းရှင်များကို ဒဏ်ရိုက်ခဲ့ကြောင်း၊ တာဝန်ရှိသူများသည် ဧပြီ ၁၈ ရက် တစ်ရက်တည်းတွင် ဘတ်စ်ကားအစီးရေ ၁၅၀ နီးပါးကို စစ်ဆေးခဲ့ပြီး ၁၂ စီးမှာ ခရီးသည်များထံမှ အခကြေးငွေ ပိုမိုကောက်ခံကြောင်းစစ်ဆေးတွေ့ရှိသည်ဟု ၎င်းက ဆက်လက်ပြောသည်။ NTC သည် ဧပြီ ၂၁ ရက်အထိ စစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝတ်တာဂီက ပြောသည်။ **ဆင်ဟွာ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မိုးကြိုးပစ်မှုများကြောင့် ၁၂ ဦး သေဆုံး

ဒါကာ ဧပြီ ၁၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ခရိုင်ခြောက်ခုခွဲ ယမန်နေ့က မိုးကြိုးပစ်မှုများ ဆက်တိုက်ဖြစ်ပွားသဖြင့် လူ ၁၂ ဦး သေဆုံးကြောင်း သိရသည်။ မိုးကြိုးပစ်မှုကြောင့် သေဆုံးသူအများစုမှာ ကျေးလက်ဒေသရှိ ၎င်းတို့၏ လယ်ယာမြေများတွင် အလုပ်လုပ်ကိုင်နေကြသူများဖြစ်ကြောင်း ဒေသတွင်းသတင်းရင်းမြစ်များအရ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ခြောက်သွေ့သည့်ရာသီမှ မိုးကြိုကာလသို့ ကူးပြောင်းသည့်အချိန်ဖြစ်သည့် ယခုအချိန်ကာလအတွင်း မိုးကြိုးပစ်မှုများကြောင့် လူသေဆုံးမှုများအဖြစ်များကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း မိုးကြိုးပစ်ခြင်းကြောင့် သေဆုံးမှုများမြင့်တက်လာခဲ့ကြောင်း အချက်အလက်များအရ သိရသည်။ **ဆင်ဟွာ**

ဘပ်အယ်လ်မန်ဒက် ရေလက်ကြားကို ပိတ်ပစ်နိုင်ဟု ယီမင်ဟူသီလက်နက်ကိုင်များ ခြိမ်းခြောက်

ဆာနား ဧပြီ ၁၉

မဟာဗျူဟာမြောက် Bab al-Mandeb ရေလက်ကြားကို ပိတ်ပစ်နိုင်သည်ဟု ယီမင်နိုင်ငံမှ ဟူသီအုပ်စုက ဧပြီ ၁၈ ရက်တွင် သတိပေးခဲ့သည်။ ဟူသီခေါင်းဆောင်တစ်ဦးဖြစ်သည့် ဟူစိန်အယ်-အစ်ဒီ က ကမ္ဘာ့အရေးအပါဆုံး ပင်လယ်ရေကြောင်းလမ်းများအနက်တစ်ခုကို သက်ရောက်မှုရှိစေနိုင်မည့် ဆောင်ရွက်ချက်များပြုလုပ်နိုင်ကြောင်း လူမှုကွန်ရက် ပလက်ဖောင်း X တွင် ဖော်ပြခဲ့သည်။

အကယ်၍ ဟူသီတို့ကသာ Bab al-Mandeb ရေလက်ကြားကို ပိတ်ပစ်မည်ဟု ဆုံးဖြတ်ခဲ့ပါက မည်သည့်အဖွဲ့အစည်းကမျှ ပြန်ဖွင့်ပေးနိုင်မည်မဟုတ်ဟု ၎င်းက ပြောသည်။ Bab al-Mandeb ရေလက်ကြားသည် ယီမင်နိုင်ငံနှင့်အာဖရိကဦးချို့ဒေသကြားတွင် ရှိပြီး ပင်လယ်နီကို အေဒင်ပင်လယ်ကွေ့၊ အိန္ဒိယသမုဒ္ဒရာတို့နှင့်ဆက်သွယ်ပေးသည့် အဓိကရေလမ်းကြောင်းဖြစ်သည်။ စွမ်းအင်ထောက်ပံ့မှုအပါအဝင် ကမ္ဘာ့ကုန်သွယ်မှု၏ သိသာထင်ရှားသော ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုလည်းဖြစ်သည်။ **ဆင်ဟွာ**

အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်မြင်ပြီးမြောက်၍ ပဋ္ဌာန်းသိမ်းအောင်ပွဲကျင်းပ



တောင်ကြီး ဧပြီ ၁၉

ရှမ်းပြည်နယ် တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကကြီးမှူးဖွဲ့ ခုနစ်ရက်တိုင်တိုင် ကျင်းပခဲ့သည့် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်မြင်ပြီးမြောက်ခြင်း ပဋ္ဌာန်းသိမ်းအောင်ပွဲကို ယနေ့နံနက် ၆ နာရီခွဲက အဆိုပါစေတီတော်မြတ်ကြီး ပရိဝုဏ်ရှိ ဓမ္မာရုံ၌ ကျင်းပသည်။ (ဝဲပုံ)

ပဋ္ဌာန်းသိမ်းအောင်ပွဲတွင် ဆရာတော်၊ သံဃာတော်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ တောင်ကြီးမြို့စွန်းလွန်းဂူ ကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မာ ဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ယင်းနောက် တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက်မှ အရှင်တိလောက က ပဋ္ဌာန်းအောင်ကါထာကို ရွတ်ဖတ်ပူဇော်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ပြည်နယ်ဝန်ကြီးများ၏ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်တို့က ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိ စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ တေဇဝန္တထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကြည်ညိုး၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။ **ဝိုင်းသန်းကျော်(တောင်ကြီး)**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များသို့ ဆွမ်းဆန်၊ ဆီ၊ ဝတ္ထုဒွေများ ဆက်ကပ်လှူဒါန်း



မုံရွာ ဧပြီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များရှိ ဆရာတော်၊ သံဃာတော်များ ဆွမ်းကွမ်းအခက်အခဲမရှိစေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ဆွမ်းဆန်၊ ဆီ၊ ဝတ္ထုဒွေများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ မဟာလယ်တီ ကျောင်းတိုက်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးကိုလေးနှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ မုံရွာမြို့ မဟာလယ်တီ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဣန္ဒဝံသထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ပင့်သံဃာဆရာတော်ကြီးများထံ ဆွမ်းဆန်၊ ဆီ၊ ဝတ္ထုဒွေများ ဆက်ကပ်လှူဒါန်းကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အုတ်ကန်တောရစာသင်တိုက်ကြီးနှင့် မဟာဓောတိကာရာမပါဠိတက္ကသိုလ် တို့သို့ သွားရောက်၍ ပင့်သံဃာဆရာတော်ကြီးများထံ ဆွမ်းဆန်၊ ဆီ၊ ဝတ္ထုဒွေများ ဆက်ကပ်လှူဒါန်းကြသည်။ (ယာပုံ)

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး အတွင်းစိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း စိုက်ပျိုးသွားမည့် နွေစပါးများ လျာထားချက် ပြည့်မီအောင် စိုက်ပျိုးသွားရေး၊ သွင်းအားစုဓာတ်မြေဩဇာများကို ဒေသခံတောင်သူများလက်ဝယ်အရောက် အချိန်မီရောက်ရှိရေး၊ နွေစပါးများ အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေး၊ လယ်ယာသုံး စက်ကိရိယာများ အတွက် ဒီဇယ်ဆီများ ဈေးနှုန်း သက်သာစွာဖြင့် ရောင်းချပေးမည် ဖြစ်၍ လယ်သမားလက်ဝယ် အရောက်ဖြန့်ဖြူးနိုင်ရေး တာဝန်ရှိသူများက မြေပြင်အထိ ကွင်းဆင်း စီစစ်ကြပ်မတ်ဆောင်ရွက် သွားရေးတို့ကို တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက တိုင်းဒေသကြီး အတွင်း စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် နွေစပါးများ အချိန်မီစိုက်ပျိုးနိုင်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များအတွင်း ပြည်သူများ လျှပ်စစ်မီးအခက်အခဲဖြစ်ပေါ်မှုလျော့နည်းစေရေး လျှပ်စစ်ဓာတ်အားသွင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို လိုက်လံကြည့်ရှုစစ်ဆေး



မြစ်ကြီးနား ဧပြီ ၁၉

ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း အဓိက လျှပ်စစ်မီးဖြန့်ဝေပေးနေသည့် ချိုဖွေငယ်ရေအားလျှပ်စစ်စက်ရုံ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေသည့် ရက်သတ္တ နှစ်ပတ်တာကာလအတွင်း ပြည်သူများ လျှပ်စစ်မီးနှင့် ရေအခက်အခဲဖြစ်ပေါ်မှု လျော့နည်းစေရေးအတွက် လုပ်ငန်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့က မြစ်ကြီးနားမြို့ပေါ်၌ လျှပ်စစ်ဓာတ်နှုန်းနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများတွင် လျှပ်စစ်ဓာတ်အားသွင်းခြင်း ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ပြန်လည်အားသွင်းအသုံးပြုနိုင်သော လျှပ်စစ်ဆိုင်ရာ ပစ္စည်းများ အားသွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ရှိ ရန်ကြီးအောင်ရပ်ကွက် မီးစက်ဝင်းအတွင်း လျှပ်စစ်ဓာနမှ ပြည်သူများ၏ EV ဆိုင်ကယ်၊ ဖုန်း၊ Power Bank များ၊ အားသွင်းမီးသီး/ မီးလုံးများ အားဖြည့်သွင်းနိုင်ရေး ပလတ်ခုံများပြုလုပ်ထားရှိမှု၊ မြို့သစ်ရပ်ကွက်ရှိ ဘူးဂါး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းပိုင် အရေးပေါ်မီးပျက်တိုင်ကြားရန်ဌာနနှင့် ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ ရုံးဝင်း အတွင်း၌ အားသွင်းပလတ်ခုံများဖြင့် ဓာတ်အားသွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများ ဝန်ဆောင်မှုရယူ၍ လျှပ်စစ်ဓာတ်အား ဖြည့်သွင်းနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများဖြစ်သည့် မြေမြင့်ရပ်ကွက်၊ ရမ်ပူရပ်ကွက်၊ အောင်နန်း ရပ်ကွက်တို့ကို သွားရောက်၍ အဆိုပါရပ်ကွက် အုပ်ချုပ်ရေးမှူး ရုံးများအတွင်း မီးစက်များ အသုံးပြု၍ လျှပ်စစ် အားသွင်းနိုင်ရေး စီစဉ်ဆောင်ရွက် ပေးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ ဝင်များ၊ လုံခြုံရေးအဖွဲ့များကို ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေး သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများအတွက် ၈ ပေ x ၄ ပေ ဆိုလာပြားနှင့် 1800 W ရှိ Power Station တစ်စုံစီဖြင့် စုစုပေါင်း ၁၈ စုံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်မီးပေးခြင်း လုပ်ငန်းကို ပြည်သူများသုံးစွဲမှု အလိုက် တိုးချဲ့ပြင်ဆင်ဆောင်ရွက်ပေးနိုင်ရေး ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

နေရာကွက်ကျား မိုးထစ်ချန်းရွာနိုင်

နေပြည်တော် ဧပြီ ၁၉

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအဖြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချန်းရွာမည်။ နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/၈လ**

ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၂၆)

ဩစတြေးလျအထက်တန်းကျောင်းများနှင့် စိုက်ပျိုးမွေးမြူရေးဘာသာရပ်များဆက်စပ်မှု

ဤဆောင်းပါးတွင်တော့ ဩစတြေးလျနိုင်ငံရှိ အထက်တန်းကျောင်းများတွင် မယူမနေရ ဘာသာနှင့် စိတ်ကြိုက်ဘာသာရွေးချယ်မှု၊ စိုက်ပျိုးမွေးမြူရေး ဘာသာများ၊ တက္ကသိုလ်များနှင့် ဆက်စပ်နေမှုများကို ဆက်လက်ဆွေးနွေးသွားပါမည်။

ဩစတြေးလျ အထက်တန်းကျောင်းပညာရေး စနစ်သည် အမျိုးသားအဆင့် သင်ရိုးညွှန်းတမ်း စံနှုန်းများနှင့် ပြည်နယ်အလိုက် သီးခြားစီမံခန့်ခွဲသည့် စနစ်နှစ်ခုကြား ပေါင်းစပ်ထားသော စနစ် ဖြစ်ပါသည်။ ယင်းစနစ်အရ အငယ်တန်းအထက်တန်းအဆင့် ၇ တန်းမှ ၁၀ တန်း (Years 7 မှ 10 အထိ)တွင် ကျောင်းသားတိုင်း တူညီသော အခြေခံပညာရပ်များကို လေ့လာကြရပြီး အကြီးတန်းအထက်တန်းအဆင့် ၁၁ တန်းနှင့် ၁၂ တန်း (Years 11 နှင့် 12) တွင်မူ မိမိတို့ဝါသနာပါရာနှင့် အနာဂတ် ရည်မှန်းချက်အလိုက် ဘာသာရပ်များကို အထူးပြုရွေးချယ်ခွင့်ရရှိကြပါသည်။



ရမ်ကို စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းကို တွေ့ရစဉ်။

ဩစတြေးလျ အထက်တန်းပညာရေး၏ ဖွဲ့စည်းပုံ

ဩစတြေးလျရှိ အထက်တန်းပညာရေးကို အဝိုင်းနှစ်ပိုင်း ခွဲခြားနိုင်ပါသည်။ အငယ်တန်း အထက်တန်း (Junior Secondary – Years 7 မှ 10 အထိ) နှင့် အကြီးတန်းအထက်တန်း (Senior Secondary – Years 11 နှင့် 12)တို့ ဖြစ်ပါသည်။

ကလေးတိုင်းသည် အသက် ၁၆ နှစ် သို့မဟုတ် ၁၇ နှစ်အထိ (သို့မဟုတ် Year 10 ပြီးဆုံးသည် အထိ) ကျောင်းမဖြစ်မနေ တက်ရောက်ရပါသည်။ ၁၀ တန်းပြီးဆုံးပါက ကျောင်းသားများသည် တက္ကသိုလ်ဝင်ခွင့်အတွက် ၁၁ တန်းနှင့် ၁၂ တန်းကို ဆက်လက်တက်ရောက်ခြင်း သို့မဟုတ် သက်မွေးဝမ်းကျောင်းပညာရေးသို့ ကူးပြောင်းခြင်းကို ရွေးချယ်နိုင်ပါသည်။

“ဩစတြေးလျတစ်နိုင်ငံလုံး စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း အနည်းငယ်သာထားပြီး နိုင်ငံတော်အစိုးရက ပံ့ပိုးမှုများစွာပေးပါသည်။ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထူးချွန်၊ ဝါသနာပါသော လူငယ်များစွာကို အလယ်တန်း၊ အထက်တန်းဘဝကတည်းက အရည်အသွေးမြင့်၊ အဆင့်မြင့်တက္ကသိုလ်များအထိ ပေါက်မြောက်ထူးချွန်ပြီး ဩစတြေးလျနိုင်ငံကို ပြန်လည်အလုပ်အကျွေးပြုပေးနိုင်မည့် စိုက်ပျိုးမွေးမြူရေး ပညာရှင်များ သီးသန့်၊ ပျိုးထောင်ပေးသည့် အစီအစဉ်ဖြစ်”

ပညာရေးအဆင့်	အတန်း (Year Levels)	ပုံမှန်အသက်	လိုအပ်ချက်
အငယ်တန်းအထက်တန်း	Years 7 to 10	၁၂ နှစ်မှ ၁၆ နှစ်	မသင်မနေရ
အကြီးတန်းအထက်တန်း	Years 11 to 12	၁၆ နှစ်မှ ၁၈ နှစ်	စိတ်ကြိုက်ဘာသာများ (တက္ကသိုလ်တက်ရန် လိုအပ်သည်)

အငယ်တန်းအထက်တန်း (Years 7–10) – အခြေခံ မသင်မနေရ ဘာသာရပ်များ

အငယ်တန်းအထက်တန်းအဆင့်တွင် ကျောင်းသားများ ဘက်စုံဗဟုသုတရရှိစေရန်အတွက် အခြေခံပညာရပ်နယ်ပယ် ရှစ်ခုကို မသင်မနေရ လေ့လာကြရပါသည်။

အခြေခံပညာရပ် နယ်ပယ် ရှစ်ခု

၁။ **အင်္ဂလိပ်စာ(English)**။ ဘာသာစကား၊ စာပေနှင့်စာရေးစာဖတ်ကျွမ်းကျင်မှုအတွက် Year 10 အထိ မသင်မနေရ ဖြစ်ပါသည်။

၂။ **သင်္ချာ(Mathematics)**။ ဂဏန်းသင်္ချာ၊ ဂျီသြမေတြီနှင့် စာရင်းအင်းပညာရပ်များကို Year 10 အထိ သင်ယူရပါသည်။

၃။ **သိပ္ပံ(Science)**။ ဇီဝဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် မြေဆီလွှာသိပ္ပံ (Soil Science) တို့ ပါဝင်ပါသည်။

၄။ **လူမှုပညာနှင့် လူမှုသိပ္ပံ(HASS)**။ သမိုင်း၊ ပထဝီဝင်၊ စီးပွားရေးနှင့် နိုင်ငံသားဖြစ်မှု ဆိုင်ရာ ပညာရပ်များ ပါဝင်သည်။

၅။ **ကျန်းမာရေးနှင့် ကာယပညာ (HPE)**။ ကိုယ်လက်လှုပ်ရှားမှုနှင့် ကျန်းမာရေး အသိပညာများဖြစ်သည်။

၆။ **အနုပညာ (The Arts)**။ အက၊ ပြဇာတ်၊ ဂီတနှင့် ပန်းချီတို့ပါဝင်သည်။ Year 8 အထိ မသင်မနေရဖြစ်ပြီး နောက်ပိုင်းတွင် စိတ်ကြိုက်ရွေးချယ်နိုင်သည်။

၇။ **နည်းပညာ (Technologies)**။ ဒီဇိုင်းနည်းပညာနှင့် ဒစ်ဂျစ်တယ်နည်းပညာတို့ ပါဝင်ပါသည်။

၈။ **ဘာသာစကားများ (Languages)**။ အင်္ဂလိပ်စာမဟုတ်သော အခြားဘာသာစကား (ဥပမာ – တရုတ်၊ ဂျပန်၊ ပြင်သစ်) တစ်ခုကို Year 7 နှင့် 8 တွင် အများအားဖြင့် သင်ယူရပါသည်။

၉ – ၁၀ တန်း (Years 9 နှင့် 10) သို့ ရောက်သော





ကျောင်းသား ကျောင်းသူများ၏ ကျောင်းဆောင်အတွင်း အစားအစာများ စားသုံးနေမှုကို တွေ့ရစဉ်။

ဒေါက်တာမျိုးကြွယ် (ပါမောက္ခချုပ်-ငြိမ်း)

အခါ ကျောင်းသားများသည် အခြေခံဘာသာရပ်ကြီးများအပြင် မိမိတို့စိတ်ဝင်စားရာ အပိုဘာသာရပ်များ (ဥပမာ – ကူးသန်း ရောင်းဝယ်ရေး၊ အချက်အပြုတ်၊ ကွန်ပျူတာနည်းပညာ)ကို စတင်ရွေးချယ်ခွင့် ရရှိလာပါသည်။

စိုက်ပျိုးမွေးမြူရေးပညာသင်ကြားပေးသော အထက်တန်းကျောင်းများ

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တွင် စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းများ (Agricultural High Schools)ဆိုသည်မှာ ပြည်သူ့အများပိုင် အထက်တန်းကျောင်း (Public School) အမျိုးအစားတစ်ခုဖြစ်ပါသည်။ စိုက်ပျိုးရေး၊ သိပ္ပံနှင့် ကျေးလက်ဒေသလုပ်ငန်းများကို စိတ်ဝင်စားပြီး ပညာရေးအရ ထူးချွန်သော ကျောင်းသားများအတွက် ရည်ရွယ်ထားပါသည်။

ဤအထက်တန်းကျောင်းများမှာ ၇ တန်းနှစ်မှ ၁၀ တန်းနှစ်အထိ စိုက်ပျိုး၊ မွေးမြူရေးဘာသာကို မဖြစ်မနေ သင်ယူရပါသည်။ ပုံမှန်သင်ဘာသာရပ်များနှင့်အတူ လက်တွေ့စိုက်ပျိုးရေး၊ မွေးမြူရေး၊ လက်တွေ့ကွင်းသိပ္ပံများကို သင်ကြားရပါသည်။ ကျေးလက်ဒေသ ဝေးလံသောနေရာမှ ကျောင်းသားများအတွက် ကျောင်းအိပ်၊ ကျောင်းစား၊ စားသောက်၊ နေထိုင်နိုင်သော ကျောင်းဆောင်(Boarding facility) ပံ့ပိုးမှု ပါရှိပါသည်။

ဤနယူးဆောက်ဝေးပြည်နယ်တွင် စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများ (Fully Selective Agricultural High Schools in NSW) စုစုပေါင်း လေးကျောင်း ရှိပါသည်။

(စိုက်ပျိုးမွေးမြူရေးကျောင်းများစွာ ဖွင့်လှစ်ခြင်းမရှိဘဲ နည်းနည်းနှင့် အရည်အသွေးမီမီ (Quality Agricultural Education)စိုက်ပျိုးရေးပညာရှိအောင် ဆောင်ရွက်နေသည်ကို အတုခိုးရပါမည်။

(က) ဖာရာအထိမ်းအမှတ် စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း (Farrer Memorial Agricultural High School)

(ခ) ဟာစတုန်း စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း (Hurlstone Agricultural High School)

(ဂ) ဂျိန်းရူးစ် စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း (James Ruse Agricultural High School)

(ဃ) ရမ်ကို စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း (Yanco Agricultural High School)တို့ ရှိပါသည်။

စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းများ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ

(က) စိုက်ပျိုးမွေးမြူရေးကို စိတ်ဝင်စားသည့် ဌေးကြေးလိုအပ်သော ကျောင်းသားကျောင်းသူများ (Gifted Students) များကို ပံ့ပိုးပေးခြင်း

(ခ) အလုပ်အကိုင်လမ်းကြောင်း (Career Pathways)၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အလုပ်အကိုင်များအတွက် ပြင်ဆင်၊ လမ်းညွှန်ပေးခြင်း

စာမျက်နှာ ၁၇ သို့

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးပရိဝုဏ် စိမ်းလန်းစိုပြည် သာယာလှပမှုရှိစေရေး လုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးပရိဝုဏ် စိမ်းလန်းစိုပြည်သာယာလှပမှုရှိစေရေး လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် လိုဏ်ဂူသိမ်တော်ကြီးပရိဝုဏ် စိမ်းလန်းစိုပြည် သာယာလှပမှုရှိစေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက သစ်ပင်၊ သစ်ကိုင်း၊ ချုံနွယ်များ ရှင်းလင်းဆောင်ရွက်နေမှု၊ လျှပ်စစ်မီးတိုင်ဟောင်းများနှင့် ဆက်သွယ်ရေးကြိုးများ အသစ်လဲလှယ်ဆောင်ရွက်နေမှု၊ သာသနိကအဆောက်အအုံများ ပြန်လည်မွမ်းမံ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် သာသနာရေးဦးစီးဌာန၊ ပုံနှိပ်တိုက် အဆောက်အအုံပြုပြင်ဆောင်ရွက်နေမှုနှင့် စက်ခန်းများဆောင်ရွက်နေမှု၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန၊ ပိဋကတ်တိုက်အဝင်လမ်းတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှုနှင့် ဘဲဥပုံသဏ္ဌာန် ကန်တော်သန့်ရှင်းရေးဆောင်ရွက် နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပိဋကတ်တိုက်အတွင်း ဗုဒ္ဓယဉ်ကျေးမှု ပြတိုက်၊ သုတေသနစာကြည့်တိုက်နှင့် ခန်းမများ၊ အပရဂေါယာန ကျောင်းဆောင်၊ သုံးထပ်ဆွမ်းစားဆောင်၊ ဗုဒ္ဓသာသနာ့သံဃာဆေးရုံ၊ သီရိမင်္ဂလာ ငါးကန်၊ မဟာသိမ်တော်ကြီး စသည့်နေရာများတွင် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများ အမြန်ဆုံး စနစ်တကျအန္တရာယ် ကင်းစွာ ရှင်းလင်းဆောင်ရွက်ရန်၊ ဆက်သွယ်ရေး ကြိုးများကို စနစ်တကျ တပ်ဆင်ရှင်းလင်းဆောင် ရွက်ရန်နှင့် သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်း များ ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရ သည်။

ဇွဲထက်ကို(ပြန်/ဆက်)



အိမ်ပြင်ပဉ်ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ



ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များ၏ (၁၈)ကြိမ်မြောက် စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာပြုလုပ်

နေပြည်တော် ဧပြီ ၁၉

ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များ၏ (၁၈) ကြိမ်မြောက် စုပေါင်းရဟန်းခံ ရှင်ပြုအလှူတော် မင်္ဂလာကို ယမန်နေ့ ညနေပိုင်းက ရန်ကုန်တိုင်း စစ်ဌာနချုပ် အနော်ရထာခန်းမ၌ ပြုလုပ်ရာ အခမ်းအနားသို့ မရမ်းကုန်း မြို့နယ် စမ်းချောင်းကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိက ၈၉ ဘဒ္ဒန္တဒေါက်တာဝဏ္ဍသီရိ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။

ဦးစွာ ရဟန်းလောင်းများနှင့် ရှင်သာမဏေများအား သီရိ မင်္ဂလာ ကမ္ဘာအေးစေတီတော် အတွင်း ရှင်လောင်းလှည့်လည်ကြ ပြီး တိုင်းစစ်ဌာနချုပ်ရှိ အနော် ရထာခန်းမ၌ ရဟန်းလောင်း ၃၉ ပါးနှင့် ရှင်သာမဏေလောင်း ၃၃ ပါးတို့ကို ဆံချမင်္ဂလာပြုလုပ် ကြသည်။ ယင်းနောက် တိုင်းမှူး နှင့် တက်ရောက်လာကြသူများ က စမ်းချောင်းကျောင်းတိုက်ဆရာ တော် ဘဒ္ဒန္တဒေါက်တာဝဏ္ဍသီရိ ထံမှ ငါးပါးသီလခံယူ ဆောက် တည်ကြပြီး ရဟန်းလောင်းများနှင့် ရှင်သာမဏေလောင်းများအား သင်္ကန်းဆီးပေးကာ သာသနာ့ ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေး ကြသည်။

ဆက်လက်၍ ယနေ့နံနက် ပိုင်းတွင် စမ်းချောင်းကျောင်းတိုက် တွင် ဒုလ္လဘရဟန်းလောင်း ၃၉ ပါး တို့အား ရဟန်းခံခြင်းဆိုင်ရာ ဆောင်ရွက်ဖွယ်ရာ သံဃာ့ကိစ္စ များဖြစ်သည့် ဥပဇ္ဈာယ်ယူခြင်း၊ ရဟန်းလောင်းဆုံးမခြင်း၊ ဥပ သမ္မဒကမ္မဝါရွတ်ဖတ်ကာ ဥပ သမ္မဒကံဆောင် မြင့်မြတ်သော ရဟန်းဘောင်အဖြစ်သို့ သွတ်သွင်း ခြင်းတို့ကို ဆောင်ရွက်တော်မူကြ ပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ပင့်သံဃာတော် များ၊ ဒုလ္လဘရဟန်းများနှင့် ရှင်သာမဏေများအား သိမ်ဆင်း ဆက်ကပ်လောင်းလှူကြသည်။

ထို့နောက်အလှူတော်ရေစက် ချမင်္ဂလာအခမ်းအနားကို တိုင်း စစ်ဌာနချုပ် အနော်ရထာခန်းမ၌ ဆက်လက်ပြုလုပ်ရာ စမ်းချောင်း ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဒေါက်တာဝဏ္ဍသီရိ အမှူးပြုသော ဆရာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် စေတနာရှင်အလှူရှင်များ စမ်း ချောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဒေါက်တာဝဏ္ဍသီရိထံမှ ရှစ်ပါးသီလ ခံယူဆောက်တည် ၍ သံဃာတော်များ ရွတ်ပွား သရဇ္ဈာယ် ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူ ပြီး သံဃာတော်များအား လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

ယင်းနောက် စမ်းချောင်း ကျောင်းတိုက် ဆရာတော်က သာသနာ့ဘောင်သို့ ဝင်ရောက်ပြီး ဖြစ်သော ဒုလ္လဘရဟန်းများနှင့် ရှင်သာမဏေများအား သမ္မော ဒနိယသြဝါဒကထာ မြွက်ကြား သည်။ ထို့နောက် ဆရာတော်ထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက် သွန်းချအမျှပေးဝေကာ သံဃာ တော်များ၊ ဒုလ္လဘရဟန်းများနှင့် ရှင်သာမဏေများအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စာမျက်နှာ ၁၆ မှ

ဥပမာ – စိုက်ပျိုးစီးပွားရေး (Agribusiness)၊ မွေးမြူရေးသိပ္ပံ (Animal Science)၊ အပင်သိပ္ပံ (Plant Science)၊ ပတ်ဝန်းကျင်သိပ္ပံ (Environmental Science)၊ စိုက်ပျိုးရေးအင်ဂျင်နီယာ (Agricultural Engineering) ပညာများဖြင့် ကျေးလက် လူထုအဖွဲ့အစည်း (Rural Communities)အတွက် အနာဂတ်စိုက်ပျိုးမွေးမြူရေးပညာရှင်များ ဖြစ်ပေါ် လာစေရန် ပြုစုပျိုးထောင်ပေးပါသည်။

ဝင်ခွင့်ရရှိရန် လိုအပ်ချက် ပုံမှန်လမ်းကြောင်းများမှာ

အခြေခံပညာအလယ်တန်း ဥပမာ – ၅ တန်း သို့မဟုတ်၆ တန်း အစောပိုင်းတွင် လျှောက်ထားနိုင် ပါသည်။ လျှောက်ထားသူများပြားပါက လူနှင့် ကျောင်းနေရာရွေးချယ်သော စာမေးပွဲ (Selective High School Placement Test) ဖြေဆိုရပါမည်။ စာမေးပွဲ ရမှတ် (Academic Result + Test Result) အပေါ် မူတည်၍ ရွေးချယ်ရေးဘုတ်အဖွဲ့က စိစစ် ရွေးချယ်ပေးပါသည်။ ကျေးလက်ဒေသမှ တောင်သူ ၏ သားသမီးများ များစွာလျှောက်ထားကြပါ သည်။

စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ အတွက် သင့်တော်သော ကျောင်းသား ကျောင်းသူများ

ပညာတော်ထူးချွန်သူများ၊ သိပ္ပံနှင့် စိုက်ပျိုး မွေးမြူရေး စိတ်ဝင်စားသူလူငယ်များ၊ လက်တွေ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်နိုင်သူများ၊ ကျေးလက်ဒေသနေ ဇာတိဖြစ်သူများ (ကျောင်းအိပ်၊ ကျောင်းစား – Boarding Schools အတွက် အထူးသင့်တော်ပါသည်)အတွက်မူ ထူးချွန်မှုကို အခြေခံပြီး ရွေးချယ်ပါသည်။ ဤအထက်တန်း ကျောင်းများသည် အဆောင်မှတက်ရောက်ရသည် မဟုတ်ဘဲ မိမိအိမ်နေရာများမှလည်း တက်ရောက် နိုင်ပါသည်။ ကျောင်းဆောင်နေခွင့်ရရေးအတွက် ရွေးချယ်ရေးကော်မတီက ကျောင်းသား ကျောင်းသူ ၏ မိဘနေရပ်၊ စီးပွားရေးအခြေအနေတို့ကို ကြည့် ပြီး ဆုံးဖြတ်ကြပါသည်။ ငွေကြေးအကူအညီ လိုအပ်ပါကလည်း ပညာတော်သင်ဆုအမျိုးမျိုး ဖြင့် ကျေးလက်ဒေသ ကျောင်းသား ကျောင်းသူ များအတွက် ဦးစားပေး ထောက်ပံ့ပေးနေပါသည်။

ဤကျောင်းများမှ ၁၂ တန်းအပြီးတွင် သြစတြေးလျတက္ကသိုလ်များဝင်ခွင့် (ATAR_ Australian Tertiary Admission Rank) ရရှိပါ သည်။ တက္ကသိုလ်ဝင်ရန် အရေးကြီးဆုံးအချက်မှာ ATAR ဖြစ်ပါသည်။ အထက်တန်းကျောင်းပြီးပါက တက္ကသိုလ်စိုက်ပျိုးမွေးမြူရေးဘွဲ့သို့ ဝင်ရောက်၊ ဆက်လက်ပညာသင်ခြင်း ပြုလုပ်ကြပါသည်။ နယူးဆောက်ဝေး စိုက်ပျိုးမွေးမြူရေးအထက်တန်း ကျောင်းများ (NSW Agricultural High Schools) မှ ကျောင်းသား ကျောင်းသူများသည် အောက်ပါ တက္ကသိုလ်များသို့ ဝင်ရောက်၍ စိုက်ပျိုးမွေးမြူရေး ပညာများ ဆက်လက်သင်ယူကြပါသည် —

(က) ဆစ်ဒနီတက္ကသိုလ် (The University of Sydney)စိုက်ပျိုးမွေးမြူရေးဘွဲ့ (Bachelor of Agricultural Science)/Bachelor of Science (Agriculture major)၊ အပင်သိပ္ပံဘွဲ့ (Plant Science)၊ မွေးမြူရေး နှင့် ကုသရေးဇီဝသိပ္ပံဘွဲ့ (Animal & Veterinary Bioscience) သို့ တက်ရောက်သင်ယူနိုင်ပါသည်၊

(ခ) နယူးအင်္ဂလန်တက္ကသိုလ် (University of New England) ကျေးလက်သိပ္ပံဘွဲ့ (Bachelor of Rural Science)၊ စိုက်ပျိုးစီးပွားရေး (Agribusiness)၊ မွေးမြူရေးသိပ္ပံ (Livestock & Animal Science) သို့ တက်ရောက်သင်ယူနိုင်ပါသည်၊

(ဂ) ချားလ်စတူးဝတ်တက္ကသိုလ် (Charles Sturt University)၊ စိုက်ပျိုးမွေးမြူရေးသိပ္ပံဘွဲ့ (Agriculture)၊ စိုက်ပျိုးစီးပွားရေး (Agribusiness)၊ ဥယျာဉ်ခြံသီးနှံဘွဲ့ (Horticulture)သို့ တက်ရောက် သင်ယူနိုင်ပါသည်။

စာရေးသူ၏အတွေး

လေ့လာချက်အရ သြစတြေးလျတစ်နိုင်ငံလုံး စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း (၁၅ – ၁၆) ကျောင်းသာရှိကြောင်း တွေ့ရှိရပါသည်။

(စာရင်းဇယား အတိအကျ မရရှိခဲ့ပါ)၊

သို့သော် သြစတြေးလျတစ်နိုင်ငံလုံး စိုက်ပျိုး မွေးမြူရေးအထက်တန်းကျောင်း အနည်းငယ်သာ ထားပြီး နိုင်ငံတော်အစိုးရက ပံ့ပိုးမှုများစွာပေးပါ သည်။ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထူးချွန်၊ ဝါသနာ ပါသော လူငယ်များစွာကို အလယ်တန်း၊ အထက် တန်းဘဝကတည်းက အရည်အသွေးမြင့်၊ အဆင့်မြင့် တက္ကသိုလ်များအထိ ပေါက်မြောက်ထူးချွန်ပြီး သြစတြေးလျနိုင်ငံကို ပြန်လည်အလုပ်အကျွေး ပြုပေးနိုင်မည့် စိုက်ပျိုးမွေးမြူရေးပညာရှင်များ သီးသန့်၊ ပျိုးထောင်ပေးသည့် အစီအစဉ်ဖြစ်ပါသည်။

– အားကျအတုယူရပါသည်။ ။

နေပြည်တော်၌ နွေစပါးထွန်ယက်နိုင်ရေး စက်သုံးဆီရောင်းချမှု နေပြည်တော်ကောင်စီဝင်များ ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၁၉

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တောင်သူများ နွေစပါးထွန်ယက်နိုင်ရေး အတွက် စက်သုံးဆီများကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းက ယမန်နေ့မှ စတင်၍ လယ်ဝေး မြို့နယ်ရှိ ကွမ်းခြံကျေးရွာ၊ အေးချမ်းသာကျေးရွာ၊ ပင်သောင်ကျေးရွာ၊ ပျဉ်းမနားမြို့နယ် ငကောင်းကံကျေးရွာ၊ နတ်သရဲကျေးရွာနှင့် ဇေယျာသီရိမြို့နယ် ကျည်တောင်၊ ကြို့ပင်၊ လေသာကျေးရွာများသို့ တောင်သူများအား တစ်ဧကတစ်ဂါလန်နှုန်း၊ တစ်ဂါလန်လျှင် တစ်သောင်းကျပ်နှုန်းဖြင့် လာရောက်ရောင်းချပေးလျက်ရှိရာ လာရောက်ရောင်းချနေမှုကို နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးအောင်ဇေယျတို့က ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား တောင်သူများ စက်သုံးဆီဝယ်ယူရာတွင် အဆင်ပြေချောမွေ့စေရေး အလေးထား ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးစိုက်ပျိုးရန် စီမံကိန်းလျာထားဧက ၂၈၀၀၉ ဧကအနက် ဒေသလျာထား ၄၀၁၆၅ ဧက စိုက်ပျိုးမည်ဖြစ်ပြီး ဧပြီ ၁၅ ရက်အထိ ၂၇၅၇၂ ဧက စိုက်ပျိုးပြီးစီးလျက်ရှိရာ နွေစပါးစိုက်ပျိုးရန်အတွက် မြေပြုပြင်ရန် ဧက ၅၀၄၂ ဧကအတွက် စက်သုံးဆီများကို အဆိုပါကျေးရွာများရှိ တောင်သူများထံသို့ မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းမှ တာဝန်ရှိသူများက တစ်ဧကတစ်ဂါလန်နှုန်း သတ်မှတ်၍ တစ်ဂါလန်လျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် တိုက်ရိုက်လာရောက်ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ နှစ်ဦးအသံမစဲမဟာပဌာန်း ရွတ်ဖတ်ပူဇော်ပွဲကျင်းပ

တောင်ငူ ဧပြီ ၁၉

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ နှစ်ဦး အသံမစဲမဟာပဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စေတီတော်ရင်ပြင်ရှိ ဘုရားကိုးဆူအာရုံခံတန်ဆောင်း၌ ကျင်းပသည်။

ဦးစွာ ဩဝါဒါစရိယ ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အောင်မြင် ဇေယျုံဆရာတော် ဘဒ္ဒန္တဇဝနထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဦးက နှစ်ဦး အသံမစဲမဟာပဌာန်း ရွတ်ဖတ်ပူဇော်ရခြင်းနှင့် ရည်ရွယ်ချက်အား ရှင်းလင်းလျှောက်ထားသည်။ ထို့နောက် ဩဝါဒါစရိယ ဆရာတော်ကြီးများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်ဒါယိကာများက လှူဖွယ်ပစ္စည်းများ ဆက်လက်လှူဒါန်းကြသည်။

အဆိုပါ နှစ်ဦးအသံမစဲမဟာပဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ခရိုင်သာသနာရေးဦးစီးဌာနမှ သိရသည်။

ဇော်ကိုကို(တောင်ငူ)

မြစ်သားမြို့နယ် ကူမဲမြို့အနီး ပန်းလောင်မြစ်အတွင်း၌ ဇီဝိတဒါနငါးလွှတ်

မြစ်သား ဧပြီ ၁၉

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် နှစ်စဉ်မပျက်ကျင်းပသည့် ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် နှစ်ဆန်း ၁ ရက်နေ့က ကူမဲမြို့အနီး ပန်းလောင်မြစ်ကမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်၊ ကူမဲမြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဇော်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကူမဲမြို့ ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစောအောင်ကိုလတ်နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရွှေကြည်နှင့် အဖွဲ့ဝင်များက ကူမဲမြို့အနီး ပန်းလောင်မြစ်အတွင်းသို့ ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ ငါးသောင်းကို ဇီဝိတဒါနအဖြစ် စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။



ဝင်းမင်းထွန်း(ပြန်/ဆက်)

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့် အညီ အရေးယူခံရနိုင်ပါသည်။**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၄-၂၀၂၆ တနလ်းနေ့

MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီးအိမ်တော်တရားတော်(ဂုဏ်သုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၀ မြန်မာ့ယဉ်ကျေးမှုနှင့်အမွေရုပ်ရှင်ရုံမြေပုံလဲကျွန်းဆီ
၀၉:၁၀ ဗိုက်ဖိုးမွေးမြူသုတဿက်
၁၁:၂၅ ဘရန်းအနုပညာတားဆေးရုံသူနာတော်ဃာရှိ
၁၂:၃၅ မြန်မာတော်လမ်းတွဲ "ချစ်စိတ်တို့နှင့်ဖွဲ့" (အပိုင်း-၀)
၁၃:၁၀ MRTV National News
၁၃:၀၀ မြန်မာတော်လမ်းတွဲ "ဘဝလင်းလေးပယ်ဝေးတော်းတို့ငှင်" (အပိုင်း-၀)
၁၅:၀၀ မိုးရာဂါတင်းစတိုကရေးဒါးအေပွ
၁၅:၁၅ ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာအစီအရင်
၁၅:၃၀ The Sports Editor's Top Picks Of This Week
၁၆:၀၀ ချစ်ရာအဖွယ်ကစားကြယ်
၁၆:၃၅ This Week's Special Interest
၁၈:၃၅ သံဇင်္ဂီမြေမြန်မာဝတ်းအလု
၁၉:၁၀ မြန်မာတော်လမ်းတွဲ "ချစ်စိတ်တို့နှင့်ဖွဲ့" (အပိုင်း-၁၆)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်းဝိုးလေသအင်ခြေအနေ
၂၁:၀၀ သံဇင်္ဂီမြေမြန်မာဝတ်းအလု
၂၁:၃၀ နိုင်ငံခြားတော်လမ်းတွဲ(တရုတ်) "တောက်ပသောနေ့ရက်များထိသို့" (အပိုင်း-၂၇)

mtv

07:02 Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
07:12 A Visit to Yangon's Coastal Area
07:30 Listening Pleasure, Instrumental Music (Banjo) Ohnt Pone Chit
07:40 The Great Collector: Myanmar Antique Furniture and Handicraft
08:01 News
08:26 Asia Updates: Mushroom Kingdom
08:32 Myanmar Traditional Snacks: Kaung Nyin Pyan Paung
08:39 Tour around Kyaukse
09:01 Chef Life: Kelvin Hong Song (Chinese Chef)
09:34 Dances of Myanmar: Rvwang Traditional Dance
09:39 Rediscovering China

MRTV NEWS

၀၆:၀၀ အလင်းရောင် (၀၆:၀၀ မှ ၀၈:၀၀)
တစ်ဆင့်ပြန်မြေ့ထုတ်ဝိုးအလု(အပိုင်း-၁)
ချင်း (ဇိုရိုင်း) (၀၈:၀၀ မှ ၀၈:၁၀)
ချင်း(ဇိုရိုင်း) တတိစားဆင်ယင်ပုံများ(အပိုင်း-၂)
ချင်း (ဇိုရိုင်း) (၀၈:၁၀ မှ ၀၉:၀၀)
ကိုက်လန့်ခံကျန်းမာရေးအကျိုးကျေးဇူးများ
မြန် (၀၉:၀၀ မှ ၁၁:၀၀)
အမန်းမြေကြီးသဘာဝကျောက်တန်းမန်းချီကမ်းခြေဒေသ
ရခိုင် (၁၁:၀၀ မှ ၁၂:၀၀)
အနောက်ပိုင်းဂစီးကူးတေးသံတံ(အပိုင်း-၁)
ရှမ်း (၁၂:၀၀ မှ ၁၃:၀၀)
ပုန်ရွာကြီးသီကိုသွားလည်ကြယ်(အပိုင်း-၁)

MRTV NEWS

၀၆:၀၀ အလင်းရောင်
၀၆:၀၅ လုပ်ငန်းလုပ်ရှားမှုအကစားသတင်း
၀၇:၀၀ ပြည်တွင်းသတင်း (LIVE)
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၃၅ Sports Diary
၁၂:၀၅ ထူးခြားရပ်ဝန်းအာရုပဗိမိတ်အစီအစဉ်
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၀၀ MRTV National News
၁၄:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းနှင်းကဏ္ဍ (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၈:၁၅ Sir David Attenborough Discovery
၁၈:၄၅ "Festivals Around The World" Part-144
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၄၅ Weekly Selected News

MRTV FARMERS

၀၆:၀၀ အလင်းရောင် (၀၆:၀၀ မှ ၀၈:၀၀)
၀၆:၃၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၅ မြန်မာ့ရပ်ရွာဖွံ့ဖြိုးမှုပမ်းမြေခြံအစားအစာ နေ့ပြည်တော်ကဲ့ရွှေ့ထားခြင်းပဲမြောက်
၀၇:၁၅ မိုးကောင်းမိုးသန့်သည်
၀၈:၀၀ ပွေးမြေးရေးရာအကြမြာ
၀၉:၀၀ သုတေသနဘိုက်ပိုးနည်းပညာ
၁၀:၃၀ ပဟာဒဒွဝ်ပွားတော်မုန်း (တတိတော်ကြီး)

MRTV SPORTS

၀၆:၀၀ အလင်း
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၃၀ The Sports Editor's Top Pincks Of This Week
၀၈:၃၀ Weekly Sports Info
၀၉:၀၀ (၃၃)ကြိမ်မြောက်အရေးတော်အရှု အားကစားပြိုင်ပွဲ အမှီးသား ကွင်းသွင်းပြဲသတ်ပြိုင်ပွဲ၀ွတ်ထိပ်ဆုရ (Replay)
၁၀:၀၀ အားကစားသတင်း

Scan Here

Education Channel

မယ်လမုစေတီတော်၌ နှစ်သစ်အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့် မယ်လမုစေတီတော်ကြီးတွင် နှစ်ဆန်းတစ်ရက်နေ့ အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၁၇ ရက်က ဆုတောင်းပြည့် မယ်လမုစေတီတော်၌ ပြုလုပ်သည်။ (ယာပုံ)

ဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသော ဆရာတော် သံဃာတော်အရှင်သူမြတ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူနှင့် ဇနီး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ စေတီတော်ကြီး ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များနှင့် ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ခဲ့ကြပြီး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ပင့်ဖိတ်ထားသော ဆရာတော်အရှင်သူမြတ်များထံ ပရိတ်ရေနှင့် ပရိတ်ပန်းများကို တာဝန်ရှိသူများက ဆက်ကပ်ပြီး ဆရာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်များ ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်



လှူဒါန်းရာ လှူဒါန်းမှုအစုစုအတွက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တဥာဏိန္ဒ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဇလွန်ပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ ရေစက်ချတရားနာကြား၍ လှူဒါန်းမှုအစုစုတွက် ရေစက်သွန်းချအမျှပေးဝေခဲ့သည်။ ဆက်လက်၍ ပင့်ဖိတ်ဆရာတော် အရှင်သူမြတ်များက အန္တရာယ်ကင်းကမ္ဘဝါစာက ရွတ်ပွားသရဇ္ဈာယ်ကြာကာ အခမ်းအနားကို ဗုဒ္ဓသာသနာစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်းခဲ့ကြောင်း သိရသည်။

သက်လွင်စိုး (ပြန်/ဆက်)

မိုင်းဖြတ်မြို့နယ်၌ ဘင်ခရာအသင်း ဖွဲ့စည်းနိုင်ရေး အလှူငွေပေးအပ်လှူဒါန်း

မိုင်းဖြတ် ဧပြီ ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(မိုင်းဖြတ်) ၌ ကျောင်းဘင်ခရာအသင်းဖွဲ့စည်းနိုင်ရေး အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၁၇ ရက်က အထက(မိုင်းဖြတ်)ရှိ ရွှေလီဆောင်ခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးက အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင်ကျောင်းအကျိုးတော်ဆောင် ဂုဏ်ထူးဆောင်နာယက သုခမွမ္ဘဏီဓောတရ ဦးထွန်းရွှေက အလှူငွေများပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။ ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဘင်ခရာအသင်း ဖွဲ့စည်းနိုင်ရေးအတွက် အလှူရှင် ကျောင်းအကျိုးတော်ဆောင် ဂုဏ်ထူးဆောင်နာယက သုခမွမ္ဘဏီဓောတရ ဦးထွန်းရွှေက ငွေကျပ်သိန်း ၁၂၀ ကိုလည်းကောင်း၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးနေဝင်းထွန်းနှင့်ဇနီးမိသားစု၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ဝင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းရီတစ်တို့ကလည်းကောင်း အလှူငွေများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာကြည်က လက်ခံရယူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တောင်တွင်းကြီးမြို့၌ မြို့နယ်လုံးကျွတ် သံဃာဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

တောင်တွင်းကြီး ဧပြီ ၁၉

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ဂုဏ်ဆောင် ရှေးဟောင်းသမိုင်းဝင် ဓမ္မေယျမင်္ဂလာရွှေအင်းတောင်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြို့နယ်လုံးကျွတ် သံဃာဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဧပြီ ၁၇ ရက်က ရွှေအင်းတောင်စေတီမြတ်ကြီး၏ ရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ထိုသို့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပရာတွင် မကွေးတိုင်းဒေသကြီး သံဃနာယက အဖွဲ့အကျိုးတော်ဆောင်ဆရာတော် ၄၀်ပစ်တောင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တမာနိတ၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် သာယာအေးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက မဟာသဒ္ဓမ္မဓောတိကဓမ္မာစရိယ ဘဒ္ဒန္တစာရိတ္တ အမှူးပြုသော မြို့ပေါ် ကျောင်းတိုက် (၅၇) တိုက်မှ ဝါဆိုသံဃာတော်အပေါင်း ၅၂၅ ပါးတို့အား နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးကျော်သန်းဆွေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာများ၊ မြို့ပေါ်(၁၀)ရပ်ကွက်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ စေတနာရှင် ပြည်သူများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းမျိုးစုံတို့ကို ဆက်ကပ်လောင်းလှူခဲ့ကြပြီး ဆရာတော်ကြီးများ ရွတ်ပွား ချီးမြှင့်သည့် အန္တရာယ်ကင်းပရိတ်တရား တော်နှင့် အနုမောဒနာတရားတို့ကို နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သာယာဝတီမြို့နယ်၌ သဘာဝမြေဩဇာပြုလုပ်ခြင်း လက်တွေ့သရုပ်ပြ

သာယာဝတီ ဧပြီ ၁၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သင်တောရိုးကျေးရွာအုပ်စု ကွင်းအမှတ် (၁၂၅၀) တွင် သဘာဝမြေဩဇာ ပြုလုပ်အသုံးပြုရေးအတွက် မြေဆွေးပုံပြုလုပ်ခြင်း လက်တွေ့သရုပ်ပြပွဲကို ဧပြီလ ၃ဝတိယဝတ်က စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးခိုင်၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့သည်။



ယခုအခါ ဓာတ်မြေဩဇာ ဈေးနှုန်းများ ကြီးမြင့်လာခြင်းကြောင့် သီးနှံစိုက်ပျိုးစရိတ် တစ်ဧက ကုန်ကျမှုလျော့နည်းသက်သာလာစေရန် သဘာဝမြေဩဇာများပြုလုပ်၍ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲတတ်စေရန်နှင့် သဘာဝမြေဩဇာသုံးစွဲခြင်းဖြင့် မြေဖွဲ့စည်းမှုကောင်းမွန်ခြင်း၊ မြေအစိုဓာတ် ထိန်းသိမ်းခြင်း၊ မြေကြီးအတွင်း ရှိအပင်အကျိုးပြုအဏုဇီဝပိုးများ တိုးပွားလာစေခြင်း၊ လေဝင်လေထွက်ကောင်းမွန်ခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ဆွေးနွေးခဲ့သည်။

ထို့နောက် သီးနှံစွန့်ပစ်ပစ္စည်းကောက်ရိုး၊ ဗေဒါပင်ပိုင်းဖြတ်စများ၊ တင်လဲရည်၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်း၊ နွားချေး၊ အသင့်သုံးအီးအမ်များကိုအသုံးပြုကာ မြေဆွေးတစ်ပုံ၌ တစ်လွှာလျှင် ခြောက်လက်မဖြင့် ခြောက်လွှာ၊ အလှား ခြောက်ပေ၊ အနံ သုံးပေ အမြင့် သုံးပေရှိ မြေဆွေးပုံများအား လက်တွေ့ပြုလုပ်ပြသကြောင်း သိရသည်။

အောင်ဝတီ (သာယာဝတီ)

လျင်ဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနိုးဆော်ချက်

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ လျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် လေပြင်းဘေးစသည့် သဘာဝဘေးများ ဖြစ်ပွားလေ့ရှိသော နိုင်ငံ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လျင်ဖြစ်ပေါ်နိုင်သည့် အဓိက ပြတ်ရွှေ့ကြော ၄ ခုအနက် စစ်ကိုင်းပြတ်ရွှေ့သည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှစတင်ကာ မြန်မာနိုင်ငံအလယ်ပိုင်းကို တောင်မြောက် ဖြတ်သန်းလျက် မုတ္တမပင်လယ်ကွေ့နှင့် ကပ္ပလီပင်လယ်ပြင်အထိ ကီလိုမီတာ ၁၂၀၀ ကျော် ရှည်လျားပါသည်။

၂။ လျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက် မရရှိနိုင်ဘဲ ရုတ်တရက် ဖြစ်ပွားတတ်သဖြင့် ပျက်စီးဆုံးရှုံးမှုများပြားစေသော ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။ လျင်လှုပ်ခတ်မှု ဖြစ်ပေါ်ရခြင်းသည် ကမ္ဘာမြေကြီးအောက်ရှိ ကျောက်လွှာများ ရုတ်တရက် ကျိုးပြတ်ရွေ့လျားမှုကြောင့် မြေသားများ ပြင်းပြင်းထန်ထန် တုန်ခါနေခြင်းကြောင့် ဖြစ်ပါသည်။ လျင်လှုပ်ခတ်မှုသည် လျင်စတင် ဖြစ်ပေါ်သည့် ဗဟိုချက်၏ အတိမ်/အနက်၊ မြို့ပြနှင့် ကျေးလက်၊ လူဦးရေ အစိပ်အကျဲတို့အပေါ် မူတည်၍ ပျက်စီးဆုံးရှုံးမှုလည်း မတူညီနိုင်ပါ။ များသောအားဖြင့် လျင်လှုပ်ခြင်းကြောင့် လူ့အသက်သေဆုံးမှု မဖြစ်စေသော်လည်း အဆောက်အအုံများ ပြိုကျမှုနှင့် ခိုင်မာစွာ တွယ်ဆက်ထားခြင်းမရှိသည့် ပစ္စည်းများ ပြုတ်ကျမှုများကြောင့် လူ့အသက်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာ ရရှိမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးလျင်ကြီးကြောင့် သေဆုံးသူ ၃၆၁၈ ဦး၊ ပျောက်ဆုံးသူ ၅ ဦး နှင့် ဒဏ်ရာရရှိသူ ၅၁၀၄ ဦး ရှိခဲ့ပါသည်။

၃။ လျင်လှုပ်ခတ်မှုများကြောင့် ထိခိုက်မှုများ လျော့နည်းစေရန် အတွက် အသိပညာပေးခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့်လည်း လျင်ဘေးအတွက် အောက်ပါ ကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေး နိုးဆော်အပ်ပါသည်-

(က) မိမိနေထိုင်ရာနေရာသည် မည်သည့်လျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။

(ခ) ဘေးကင်းလုံခြုံသောနေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ လျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။

(ဂ) ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သောပစ္စည်းများ တွဲလောင်းကျနေသောအရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။

(ဃ) မိသားစုဝင်း အရေးပေါ်ပစ္စည်းများ၊ အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

(င) မိမိအိမ်၏ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်း ခိုင်မာအောင် ကြိုတင်ပြင်ဆင်ထားပါ။

၅။ လျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

(ခ) (၅)စက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာများတွင် (ဝပ်၊ ကာ၊ ကိုင်) ပုံစံဖြင့်နေပါ။

(ဂ) လယ်ကွင်း၊ ကွင်းပြင် (သို့) ဘေးကင်းရာ (မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ ပြေးပါ။

(ဃ) လျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့် အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ်အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

(င) မီးအသုံးပြုနေစဉ် လျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။

(စ) ဆိုင်ကယ်၊ ကားစသည်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

၆။ လျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို ရှောင်ရှားရန် လိုအပ်ပါသည်-

(က) အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။

(ခ) ဓာတ်လှေကားများ အသုံးမပြုပါနှင့်။

(ဂ) အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်း မပြုပါနှင့်။

၇။ လျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များ ပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

(ခ) ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။

(ဂ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။ ကောလာဟလသတင်းများကို မယုံပါနှင့်။

(ဃ) မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများအားလုံးကို ပြန်လည်စစ်ဆေးပါ။

(င) အင်အားကြီးမားသည့် လျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲလျင်များ လှုပ်တတ်ကြောင်း သတိပြုပါ။

(စ) နောက်ဆက်တွဲဘေးအန္တရာယ် (မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း)များကို အထူးသတိပြုပါ။

၉။ လျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုရှောင်ရှားသင့်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) အဆောက်အအုံ၏ ခိုင်ခံမှုမကို စစ်ဆေးခြင်းမပြုဘဲ မဝင်ရ။

(ခ) မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

(ဂ) ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်နိုင်ပြီး ရေကြီးနိုင်သည်။

(ဃ) တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့် အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့ မသွားပါနှင့်။

၁၀။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန





ကိုပါဒယ်ရေးဖလားကို ဆိုစီဒက်တို့ တစ်ကျော့ပြန် ဆွတ်ခူး



စပိန်ကိုပါဒယ်ရေးဖလား ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲစဉ်အဖြစ် အက်သလက်တီကို မက်ဒရစ် အသင်းနှင့် ဆိုစီဒက်အသင်းပွဲစဉ်ကို ဧပြီ ၁၉ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ပယ်နယ်တီအဆုံးအဖြတ်တွင် ဆိုစီဒက်က လေးဂိုး - သုံးဂိုးဖြင့် နိုင်ပွဲရပြီး ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း တစ်ကျော့ပြန် ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်နှစ်ဂိုးစီ သရေကျနေ၍ အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပိုတွင်လည်း တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်းမရှိသည့် အတွက် ပယ်နယ်တီအဆုံးအဖြတ် ဒဏ်ခုန်ရခြင်း ဖြစ်သည်။

ဆိုစီဒက်အသင်းသည် ကိုပါဒယ်ရေးဖလားကို ၂၀၂၀ ပြည့်နှစ်က နောက်ဆုံးဆွတ်ခူးရရှိထားသည်။ ဆိုစီဒက်အသင်း တောင်ပံတိုက်စစ်ကစားသမား ဘာရီနက်ဇီယာသည် ပွဲအစ ၁၄ စက္ကန့်အတွင်း ဂိုးသွင်းယူနိုင်ခဲ့သည့် အတွက် ကိုပါဒယ်ရေးဗိုလ်လုပွဲ သမိုင်းတစ်လျှောက်တွင် အမြန်ဆုံးသွင်းဂိုးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဆိုစီဒက်အသင်းသည် ခံစစ်ကို ကျစ်ကျစ်လျစ်လျစ်ကစားပြီး တန်ပြန်တိုက်စစ်ကို ထိထိရောက်ရောက်အသုံးချနိုင်ခဲ့သည့်အတွက် ဖလားဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

လမ်းပတ်၏ ကိုဗင်ထရီအသင်း နှစ်ပေါင်း ၂၅ နှစ်အတွင်း ပရီမီယာလိဂ်သို့ တစ်ကျော့ပြန် တက်ရောက်နိုင်

နည်းပြလမ်းပတ်၏ ကိုဗင်ထရီအသင်းသည် ချန်ပီယံရှစ်ပွဲစဉ် (၄၃) တွင် ဘလက်ဘန်းအသင်းကို တစ်ဖက်တစ်ဂိုးစီ သရေကျပြီးနောက် နှစ်ပေါင်း ၂၅ နှစ်အတွင်း ပရီမီယာလိဂ်သို့ တစ်ကျော့ပြန်တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။ ကိုဗင်ထရီအသင်းသည် ယခုနှစ်ရာသီချန်ပီယံရှစ်ပြိုင်ပွဲတွင် ခြေစွမ်းပြသထားနိုင်သည့်အသင်းဖြစ်ပြီး ၄၃ ပွဲကစားပြီး ၂၅ ပွဲ နိုင်၊ ၁၁ ပွဲသရေနှင့် ၇ ပွဲရှုံး ရလဒ်ရရှိအောင် စွမ်းဆောင်ထားနိုင်သည်။

နာမည်ကြီး ရာဒူကာနူ မက်ဒရစ်အိုးပင်းမှနုတ်ထွက်



ဗြိတိန်နံပါတ်တစ်တင်းနစ်မယ် အမ်မာရာဒူကာနူသည် မကြာမီ ကျင်းပတော့မည့် မက်ဒရစ်အိုးပင်းပြိုင်ပွဲမှ နုတ်ထွက်လိုက်သောကြောင့် ဒဗလ္လူတီအေ ပြိုင်ပွဲများနှင့် သီတင်းနှစ်ပတ် ခန့် ထပ်မံဝေးကွာနေဦးမည် ဖြစ်သည်။ ရာဒူကာနူသည် မတ်လတွင် ကျင်းပခဲ့သည့် အင်ဒီးယန်းဝဲလ်စ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း မိုင်ယာမီအိုးပင်းနှင့် လင့်ခ်အိုးပင်းပြိုင်ပွဲတို့ကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ခြင်း မရှိပေ။ နာမည်ကြီး အမျိုးသားတင်းနစ်အကျော်အမော်များဖြစ်သည့် ကားလိုစ်အယ် ကာရက်ဇ်နှင့် ဂျိုကိုဗစ်တို့လည်း မက်ဒရစ်အိုးပင်းပြိုင်ပွဲမှ နုတ်ထွက်ထားသည်။



ပရီမီယာလိဂ်ပွဲစဉ် (၃၃) မှ ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ ဝက်စ်ဟမ်းအသင်းပွဲစဉ်ကို ဧပြီ ၂၁ ရက် နံနက်ပိုင်းမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုတွေကို မြင်တွေ့ရဖွယ်ရှိပြီး နောက်ဆုံးမိနစ်အထိ ရလဒ်ပြောင်းလဲသွားနိုင်တာကြောင့် လက်မလွတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

ဝက်စ်ဟမ်းရဲ့ရှုန်းအားကြောင့် ပဲလေ့စ်အသင်း ရှုံးပွဲကြုံတွေ့နိုင်



■ စောင့်ကြည့်ရမယ့်ကစားသမား

မာတီတာ (တိုက်စစ်)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၀

ပဲလေ့စ်ရဲ့ နောက်ဆုံးသုံးပွဲရလဒ်

ပဲလေ့စ် ၃-၀ ဗီအိုရင်တီးနား
ပဲလေ့စ် ၂-၀ ကာဆယ်
ဗီအိုရင်တီးနား ၂-၀ ပဲလေ့စ်

ပဲလေ့စ် VS ဝက်စ်ဟမ်း နံနက် ၁း၃၀

ဒီနှစ်သင်းထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးနှစ်ကြိမ်မှာ ပဲလေ့စ်အသင်းက အသာရထားတယ်။ ခြေစွမ်းထက်မြက်မှုရှိတဲ့ ပဲလေ့စ်အသင်းထက် တန်းဆင်းရန်အထက်မှာ ပြတ်သားတဲ့ရလဒ်နဲ့ ရပ်တည်နိုင်ဖို့ ကြိုးပမ်းလာမယ့် ဝက်စ်ဟမ်းရဲ့ ရှုန်းအားကြောင့် ပဲလေ့စ်အသင်း ရှုံးပွဲကြုံတွေ့သွားနိုင်တယ်။

နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု

ခရစ္စတယ်ပဲလေ့စ်	နောက်ဆုံးငါးပွဲရလဒ်	ဝက်စ်ဟမ်း
နိုင် ၄	သရေ ၀	နိုင် ၁

ဝက်စ်ဟမ်းအသင်းသည် ပရီမီယာလိဂ် ၃၂ ပွဲကစားပြီး ခံစစ်က ပေးဂိုး ၅၇ ဂိုးအထိ ခွင့်ပြုပေးထားရသောကြောင့် ခံစစ်အဆိုးရွားဆုံးအသင်းထဲ ပါဝင်နေသည်။



■ စောင့်ကြည့်ရမယ့်ကစားသမား

ဘိုဝင် (တိုက်စစ်)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၆

ဝက်စ်ဟမ်းရဲ့ နောက်ဆုံးသုံးပွဲရလဒ်

ဒီလာ ၂-၀ ဝက်စ်ဟမ်း
ဝက်စ်ဟမ်း ၂-၂ လီဒ်စ်
ဝက်စ်ဟမ်း ၄-၀ ဝုဖ်

ကိုပါအီတာလီယာ ဆီမီးဗိုင်နယ် - ဒုတိယအကျော့

၂၂-၄-၂၀၂၆			ဗဒွဟူးနေ့
အင်တာမီလန်	vs	ကိုမို	နံနက် ၁း၃၀
၂၃-၄-၂၀၂၆			**ကြာသပတေးနေ့**
အတ္တလန္တာ	vs	လာဇီယို	နံနက် ၁း၃၀

DFB Pokal ဆီမီးဗိုင်နယ်

၂၃-၄-၂၀၂၆			ကြာသပတေးနေ့
လေဗာကူဆင်	vs	ဘိုင်ယန်	နံနက် ၁း၁၅
၂၄-၄-၂၀၂၆			**သောကြာနေ့**
စတုဂတ်	vs	ဖရိုင်းဘတ်	နံနက် ၁း၁၅

■ မိုးဇက်-စုစည်းရေးသားသည်

အန်ဒရေဗာကို အနိုင်ယူပြီး စတုဂတ်အိုးပင်းဗိုလ်လုပွဲ ရွိုင်ဘာကီနာ တက်ရောက်



ကာဇက်စတန်နာမည်ကြီးတင်းနစ်မယ် အီလန်နာရွိုင်ဘာကီနာသည် စတုဂတ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဗိုင်နယ်တွင် နာမည်ကျော် ရုရှားတင်းနစ်မယ် မေရာအန်ဒရေဗာကို ၇-၅၊ ၆-၁ ရလဒ်ဖြင့်နိုင်ပွဲရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

ရွိုင်ဘာကီနာသည် စတုဂတ်အိုးပင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့်အတွက် ယခုနှစ်အတွင်း ဗိုလ်လုပွဲသို့ တတိယအကြိမ်မြောက် တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် ယခုပြိုင်ပွဲမတိုင်မီ ကျင်းပခဲ့သည့် ဩစတြေးလျအိုးပင်းနှင့် မိုင်ယာမီအိုးပင်းပြိုင်ပွဲတို့တွင်လည်း နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းထားသည်။

၎င်းသည် ၂၀၂၃ ခုနှစ်နောက်ပိုင်း အန်ဒရေဗာကို ပထမဆုံးအကြိမ် နိုင်ပွဲပြန်လည်ရရှိခဲ့ခြင်း ဖြစ်သည်။ ရွိုင်ဘာကီနာသည် ၂၀၂၅ ခုနှစ်က အန်ဒရေဗာနှင့် တွေ့ဆုံခဲ့သည့် ဒူဘိုင်းနှင့် အင်ဒီးယန်းဝဲလ်စ်ပြိုင်ပွဲများတွင် ရှုံးနိမ့်ခဲ့ထားသည်။

ရွိုင်ဘာကီနာသည် စတုဂတ်အိုးပင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ချက်ဇ်တင်းနစ်မယ် ကာရိုလီနာမူချိုဗာနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ မူချိုဗာသည် ဆီမီးဗိုင်နယ်တွင် ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ၆-၄၊ ၂-၆၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းလာသူဖြစ်သည်။

မူချိုဗာသည် ပြိုင်ပွဲတစ်လျှောက်တွင် အမေရိကန်နာမည်ကြီးတင်းနစ်မယ် ကိုကိုဂေါ့ဖ်၊ ဘယ်လ်ဂျီယံတင်းနစ်မယ် အီလစ်ဆာတင်စ်တို့ကိုလည်း ကျော်ဖြတ်ထားသည်။ ၎င်းသည် မတ်လကကျင်းပခဲ့သည့် မိုင်ယာမီအိုးပင်းပြိုင်ပွဲတွင် ဆီမီးဗိုင်နယ်အဆင့်အထိ တက်လှမ်းထားနိုင်သူ ဖြစ်သည်။



သက်ရည်ကျန်းမာဖို့
စားသုံးဆီကိုတတ်နိုင်သမျှလျှော့စားဖို့
ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စားပါ၊ မပြည့်ဝဆီသင့်တင့်စွာစားပါ၊
အသွင်ပြောင်းဆီပါဝင်နိုင်သည့် အစားအစာများ စားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ပါ၊



အရက်သောက်ခြင်းကြောင့်
ဖြစ်ပွားနိုင်သော နောက်ဆက်တွဲပြဿနာများ
အရက်သောက်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာရောဂါများ၊ စိတ်ပိုင်းဆိုင်ရာပြဿနာများနှင့် လူမှုရေးဆိုင်ရာပြဿနာများဖြစ်ပွားစေသည်သာမက ဖြတ်မရအောင် စွဲလမ်းစေတတ်ပြီး အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။
အရက်ကြောင့်ဖြစ်သော ရုပ်ပိုင်းဆိုင်ရာရောဂါများ
အရက်ကြောင့်ဖြစ်သော စိတ်ပိုင်းဆိုင်ရာပြဿနာများ
အရက်ကြောင့်ဖြစ်သော လူမှုရေးပြဿနာများ
အရက်သောက်ခြင်းကို အစမပြုမိစေရန်လိုအပ်ပါသည်။
အရက်ဖြတ်လိုပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများတွင် အမြန်ဆုံးသွားရောက် တိုင်ပင်ဆွေးနွေးပါ။



သတိပြုမှယ် အချိုမှုန့်အန္တရာယ်
အချိုမှုန့်(သို့မဟုတ်)တိတ်တဆိတ်လူသတ်သမား
အချိုမှုန့်စားသုံးခြင်းကြောင့် -
လတ်တလောဖြစ်ပွားနိုင်သောရောဂါလက္ခဏာများမှာ -
ရေရှည်တွင်ဖြစ်ပွားနိုင်သောရောဂါများမှာ -
အချိုမှုန့်စားသုံးခြင်းကို ဘယ်လိုဖြတ်မလဲ ?
(၁)ရှောင်ကြဉ်ပါ
(၂)လျှော့ချပါ
(၃)အစားထိုးသုံးစွဲပါ
အချိုမှုန့်စားသုံးခြင်းကို ရှောင်ကြဉ်ပါ၊
လျှော့ချဖြတ်တောက်ပါ၊ အစားထိုးသုံးစွဲပါ။



နေ့စဉ်ဘဝတွင် ပုံမှန်စားသုံးသင့်သည့် ထမင်းတစ်ပန်းကန်စာ နမူနာ
(Plate Model for Balanced Diet)
ထမင်းစားပန်းကန်၏ ချက်နှာပြင်ကို လေးပိုင်းခွဲပါ။
လေးပုံတစ်ပုံတွင် ကစီဓာတ်ပါသော အစားအစာများကို ထည့်ပါ။
(ဥပမာ - ထမင်း၊ ကြာဇံ၊ ခေါက်ဆွဲ၊ ပေါင်မုန့်၊ ပလာတာ၊ မုန့်ဟင်းခါးမုန့်ဇတ်၊ ...စသည်)
ကျန်တစ်ပုံတွင် အသားဓာတ်ပါသော အစားအစာ၊ (ဥပမာ - အသား၊ ငါး၊ ပဲ၊ ဥ အမျိုးမျိုး) များကို ထည့်ပါ။
ကျန်နှစ်ပုံ(သို့မဟုတ်) ထမင်းစားပန်းကန်၏ ဇရိယာထက်ဝက်တွင် ဟင်းသီးဟင်းရွက် အစုံအလင်ထည့်ပါ။
အသင့်အတင့်စားပါ
(အသားဓာတ်ပါသော အစာများအား ၁/၄ စားသုံးပါ)
များများစားပါ
(အသီးအရွက်များအား တစ်ဝက်ခန့် စားသုံးပါ)
လျှော့စားပါ
(ကစီဓာတ်ပါသော အစာများအား ၁/၄ စားသုံးပါ)
ရေဆာလျှင် ရေကိုသာသောက်ပါ။ အချိုရည် မသောက်ပါနှင့်။ အစားအစာ ပုံမှန်ပမာဏကို သင့်တင့်မျှတစွာဖြင့် အချိန်မှန်စားပါ။ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း ပုံမှန်လုပ်ပါ။
ဆေးလိပ်၊ ဆေးရွက်ကြီး/ ကွမ်းယာ၊ အရက်နှင့် မူးယစ်ဆေးဝါး ရှောင်ကြဉ်ပါ။
ဆေးလိပ်
ကွမ်းယာ
မူးယစ်ဆေး
အရက်

လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်





အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

ပြည်ထဲရေးဝန်ကြီးဌာန
မီးသတ်ဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး

မီးဘေးလုံခြုံရေးအသိပညာပေးစာစောင်



" မီးဘေး" ဆိုသည်မှာ လူဖြစ်သော ဘေးတစ်ခုဖြစ်သည်၊ သဘာဝဘေးလည်းဖြစ်နိုင်သည်၊ လူသားအရင်းအမြစ်နှင့်သဘာဝအရင်းအမြစ် ဘေးလုံးကို ဖျက်ဆီးပစ်နိုင်သောဘေးဆိုးတစ်ခုဖြစ်သည်။

မီးဘေးကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

မီးလောင်ဆုံးရှုံးမှုအခြေအနေ

စဉ်	နှစ်	အကြိမ်	မီးလောင်ဆုံးရှုံးသည့်အဆောက်အဦ	ဆုံးရှုံးမှုတန်ဖိုး (ကျပ်သန်း)
၁	၂၀၂၁	၃၁၀	၁၉၆	၂၈၆၉၃.၄၉
၂	၂၀၂၂	၂၄၄	၃၅၆	၁၀၄၀.၂၇
၃	၂၀၂၃	၂၃၂	၁၆၈	၇၆၀၄.၅၈
၄	၂၀၂၄	၂၄၁	၂၇၄	၇၄၆.၄၇၅
၅	၂၀၂၅	၂၄၁	၂၀၄	၆၀၇.၅၅

မီးလောင်ကျွမ်းခြင်း

မီးလောင်ကျွမ်းခြင်းဆိုသည်မှာ အပူနှင့်အလင်းထွက်ပေါ်လာသည့် ဓါတုဓါတ်ပြုပူတစ်ခုဖြစ်သည်၊ မီးလောင်ကျွမ်းရန် အဓိကအားဖြင့် ဧလေ(သို့)အောက်ဆီဂျင်၊ အပူနှင့်လောင်စာတို့ လိုအပ်ပါသည်၊ ယင်းတို့အထဲမှ တစ်ခုခုကို ပယ်ဖျက်လိုက်လျှင် မီးလောင်ကျွမ်းမှုရပ်ဆိုင်းသွားမည် ဖြစ်ပါသည်။



မီးသတ်ဆေးဘူးအသုံးပြုပုံ

၁။ မီးသတ်ဆေးဘူးလုံခြုံရေးသေတ္တာကို ဆွဲဖြုတ်ပါ။
၂။ မီးလောင်မှုဖြစ်သည့် အဖြစ်အရင်းအမြစ်ကို မီးသတ်ဆေးဘူးခေါင်းဖြင့် စိုန်ရွယ်ရပါမည်။ မီးအနီးသို့ ကပ်နိုင်သမျှကပ်ပါ။
၃။ လက်ကိုင်ခေတ်ဘဲကို ဆွဲညှစ်ပါ။
၄။ မီးတောက်၏အခြေကို စိုန်ရွယ်ပြီးမီးတောက်မဖာထေပေါ်မှုတည်၍ ဒေ့ယမ်းပြီးမီးသတ်ရပါမည်။



- မီးလောင်လျှင် ကြိတ်မဖြိမ်းပါနှင့်။
- ပတ်ဝန်းကျင်ကို အကဲအဆဲတောင်းပါ။
- နီးစပ်ရာ မီးသတ်စနစ်သို့ အဖြစ်ဆုံးအကြောင်းကြားပါ။
- အရေးပေါ်တယ်လီဖုန်းနံပါတ် ၁၉၁ ကိုဆက်သွယ်ပါ။

မီးသတ်ယာဉ် ၁ စီးရှိရလည်း ပျမ်းမှု ၃ မိနစ်သာ ပတ်ဝန်းနိုင်သဖြင့် အဖြစ်ဆုံးရရှိနိုင်သည့်နေရာကို ညွှန်ပြပါ။

မီးဘေးရှောင် မလောင်ခင်တား

မီးသတ်ယာဉ်များအဖြစ်ဆုံးလာခရာက်နိုင်မီးသတ်နိုင်ရေးအတွက်

၁။ အဖြစ်ဆုံးသတင်းပို့ပါ။
၂။ မီးလောင်သည့်နေရာကို အတိအကျသတင်းပို့ပါ။
၃။ မီးသတ်ယာဉ်/စက်များရောက်ရှိလာလျှင် မီးလောင်မှုနှင့်အနီးစပ်ဆုံးနေရာသို့ ညွှန်ပြစေပါ။
၄။ မီးသတ်ယာဉ်များသွားလာနိုင်ရေးအတွက် လမ်းကြောင်းရှင်းလင်းပေးရန်ဖြင့် ကူညီပါ။
၅။ မလိုအပ်ဘဲ ဗိုင်းဆဲရပ်ကြည့်မနေဘဲ ပယ်ဖျက်ပေးဖြင့်ကူညီပါ။
၆။ မီးမလောင်ခဲသေးသည့် ပိစိတို့၏ နေအိမ်များရှိရာသို့ မီးသတ်ယာဉ်များကို ညွှန်ပြခြင်း။ အဘင်းအမှုဖြစ်မီးခြောက်ခေါ်ယူခြင်း။ အဖွဲ့ဆန့်ရွာ အခန့်အကဲအယ့်ကိုဖြင်းမှားကို ရှောင်ကြဉ်ပါ။

"191" app အသုံးပြုပုံ



အစပ်ပြင်တိုက်ပျား ပိုးလောင်လျှင်

၁။ ခုန်မချပါနှင့်။
၂။ မကြောက်ပါနှင့်။
၃။ စိတ်ငြိမ်ငြိမ်ထားပါ။
၄။ အရေးပေါ်ထွက်ပေါက်/လေကာမှ ဘေးလွတ်ရာသို့ ထွက်ခွာပါ။
၅။ နီးစပ်ရာ မီးသတ်စခန်းသို့ အဖြစ်ဆုံးအကြောင်းကြားပါ။



ပိုးလောင်ပူပြင်းရှိ ပိုးဒိုးအန္တရာယ်ကြုံတွေ့ရလျှင်

၁။ စိတ်ကို တည်ငြိမ်စွာထိန်းရှိ ကြမ်းပြင်ပေါ်သို့ မှောက်ချပါ။
၂။ မိသားစုဝင်အားလုံးသိရှိအောင် အော်ဟစ်အကြောင်းကြားပါ။
၃။ တံခါးပေါက်သို့ လေးဘက်ထောက်(သို့မဟုတ်) မိရောင်းတက် အနေအထားဖြင့် အမြန်ထွက်ခွာပါ။ မိသားစုအားလုံး အငြင်သို့ ရောက်လျှင် တံခါးပြန်ပိတ်ပါ။
၄။ လွတ်မြောက်နေရာသို့ အမြန်ထွက်ခွာရင်း ပတ်ဝန်းကျင်မှ သိရှိအောင် အော်ဟစ် အကူအညီတောင်းပါ။ မီးသတ်တပ်ဖွဲ့သို့ အမြန်ဆုံး အကြောင်းကြားပါ။
၅။ အသက်ရှူကိရိယာမရှိပါက လက်ကိုင်ပဝါ(သို့မဟုတ်) အဝတ်ကို ရေစွတ်ပြီး နှာခေါင်းကိုပက်၍ စည်းထားပါ။
၆။ အထပ်မြင့် အဆောက်အဦပေါ်မှ မီးဘေးလွတ်မြောက်ရန် နှန်ချခြင်း မပြုလုပ်ရပါ။



Phone & PowerBank အသုံးပြုလျှင်

၁။ Phone & PowerBank အားသွင်းထားပြီးဖေမှုန့်
၂။ Phone & PowerBank အားသွင်းထားစဉ်နှိ အပူစဉ်နှိပြင်မားလာပါက ချက်ခြင်းခြဲတ်ပါ။
၃။ မီးလောင်လွယ်သော ပစ္စည်းမှားပေါ်တွင်ထားခြင်းအားမသွင်းရ။

လျှပ်စစ်တတ်အား သုံးလျှင်

၁။ ဟောင်းနွမ်းနေသည့် လျှပ်စစ်မီးကြိုးများကို လဲလှယ်ပေးပါ။
၂။ လျှပ်စစ်ဒဏ်ခံကြိုး (Fuse)များကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
၃။ လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
၄။ လျှပ်စစ်ဝါယာရှောဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်ဖုံးအုပ် ငြိမ်းသတ်ပါ။
၅။ လျှပ်စစ်ဝါယာကြိုးများကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
၆။ ရွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။



တတ်သိပြည့်လျှင်၊ တတ်သိဖလုယ်လျှင်

၁။ စက်နှိုးထားစဉ် သိမထည့်ရ၊ သိထည့်စဉ် လက်ကိုင်ဖုန်းမသုံးရ။
၂။ ဖယောင်းတိုင်ခိုးရှိနိုင်ကြည့်ခြင်း၊ ဆေးလိပ်သောက်ခြင်းမပြုလုပ်ရ။
၃။ ရာသီဥတုပူပြင်းချိန် ပလပ်စတစ်ပုံးသုံးခြင်း ရှောင်ပါ။
၄။ လောင်စာဆီကို အင်ဂျင်ပန့်ဖြင့် တွန်းပို့ရှေ့ပြောင်းခြင်း မပြုရ။
၅။ ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်နိုင်သည်။



မီးသားစုဝင်အားလုံး အပြင်သွားပည်ဆိုလျှင်

၁။ လျှပ်စစ်မီးကိုပိတ်၊ပလပ်ကိုဖြုတ်၊မီးအာနျှင့်စက်နှင့်မိန်းခလုတ်ကို ပိတ်ခဲ့ပါ။
၂။ မီးဖိုမီးကြေးမီးကျန် စစ်ဆေးပါ။
၃။ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ခြင်ဆေးခွေ ငြိမ်းသတ်ခဲ့ပါ။

မီးမရှိသော သုံးစွဲလေ မွဲတော ဆင်းရဲမည်

စုပေါင်းကာကွယ်မီးဘေးအန္တရာယ်

ကျန်းမာရေးဝန်ကြီးဌာန

ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်





ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓါတ်ဆားဓါတ်များဆုံးရှုံးမှု ပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ

- တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ။
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက် မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
- မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ။
- ရေများများသောက်ပါ။





အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ။
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ချင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ။
- အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ် အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။



၁ ၂ ၃

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ (Heat Exhaustion)

- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ကြွက်တက်ခြင်း၊ နုံးချိုပျော့ခွေခြင်း၊
- အလွန်အမင်းရေဆာခြင်း၊
- ဂနာမငြိမ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်း။

အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ (Heat Stroke)

- အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်း ခြောက်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- တက်ခြင်း၊ သတိလစ်ခြင်း။

အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက –

- အရိပ်ရ၍ အေးမြသောနေရာတွင် အနားယူပါ။
- အရည်များများသောက်ခြင်း စသည့် အပူဒဏ် ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက် များကိုလိုက်နာပါ။



အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- သက်ကြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး သွေးတိုး၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း

- လူနာကို အရိပ်ရအေးမြသော နေရာသို့ ရွှေ့ထားပါ။
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- လူနာ၏ အဝတ်အစားများကို ဖယ်ရှားပါ၊
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် တို့ကို ရေပတ်တိုက်ပါ၊
- လူနာကောင်စွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ကျွေးပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသပါ။

၄ ၅ ၆

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

လျှင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

လျှင်ဘေးပညာပေးစာစောင်

လျှင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်လျှင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။လျှင်လှုပ်နေချိန်တွင်ပြုမှုနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၁

၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှိနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီးတောင့်တင်း ခိုင်မာအောင်ပြုလုပ်ထားပါ။



လျှင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ (၅) စက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင်များကို မြဲမြံစွာကိုင်ထားပါ။

၂

၃။ လယ်ကွင်း၊ကွင်းမြင်(သို့) ဘေးကင်းရာ (မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုးခါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။



၄။ လျှင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။



၅။ မီးအသုံးပြုနေစဉ် လျှင်လှုပ်ပါက မီးတောက်ပြိုမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။



၃

လျှင်ပြင်းအားများ

လျှင် ပမာဏ ရစ်ရှိတာ စကေး	သက်ရောက်မှုရှိနိုင်ခြေ
၂ အထက်	မသိသာသော အခြေအနေဖြစ်ပါသည်။
၂ နှင့် ၄ ကြား	လူအချို့သတိထားမိသည့် အခြေအနေဖြစ်သည်။
၄ နှင့် ၄.၉ ကြား	လူတိုင်းလိုလို ခံစားမိသော အခြေအနေဖြစ်သည်။
၅ နှင့် ၅.၉ ကြား	ခိုင်ခံ့သော အဆောက်အအုံတွင် မပြောပလောက်သော ပျက်စီးမှု တွေရသော အခြေအနေဖြစ်သည်။
၆ နှင့် ၆.၉ ကြား	ခိုင်ခံ့သော အဆောက်အအုံတွင်ပင် သိသာသော ပျက်စီးမှု တွေရသော အခြေအနေဖြစ်သည်။
၇ နှင့် ၇.၉ ကြား	ခိုင်ခံ့သော အဆောက်အအုံများတွင်ဆိုးရွားသော ပျက်စီးမှု တွေရသော အခြေအနေဖြစ်သည်။
၈ နှင့်အထက်	ကြီးမားသော ပျက်စီး ပြိုကျမှုများ တွေရသော အခြေအနေဖြစ်သည်။

လျှင်သည် အလျားလိုက်နှင့် အထက်အောက်လှုပ်ရှားနိုင်ပြီး လျှင်၏ပြင်းအား၊ အဆောက်အအုံ၏တည်ဆောက်ပုံ၊ တည်နေရာတို့အပေါ်မှတည်၍ ပျက်စီးမှုများ ကွာခြားနိုင်ပါသည်။

၆။ ဆိုင်ကယ်၊ ကားစသည်တို့မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။



လျှင်လှုပ်နေစဉ်တွင် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။



၂။ ဓာတ်လှေကားများ အသုံးမပြုပါနှင့်။



၄

၃။ အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။



လျှင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၅

၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှပေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် လျှင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲလျှင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

လျှင်လှုပ်ပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံ၏ ခိုင်ခံ့မှုကိုစစ်ဆေးခြင်း မပြုဘဲမဝင်ရ။

၂။ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

၆

၃။ ဆည်၊ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်ပြီး ရေကြီးနိုင်သည်။

၄။ တာဝါတိုင်များ၊မျှော်စင်များ၊အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့်အနီးသို့မသွားပါနှင့်။

မြန်မာနိုင်ငံ၏ လျှင်ဇုန်များပြမြေပုံ



၇

တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(က) တောထဲတွင် မီးမွေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှိ့ခြင်း မပြုလုပ်ရန်၊

(ခ) တောမီးရှိ့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်း မပြုလုပ်ရန်၊

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊

(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း၊

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊

(ဂ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း၊

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

သန်လျင်မင်းကျောင်း (၇၅)နှစ်ပြည့် စိန်ရတုသဘင်နှင့် (၃၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ကျေးဇူးတော်ရှင် သန်လျင်မင်းကျောင်း ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသမဟာထေရ် (အဘိဓမ္မမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ စီမံအုပ်ချုပ်တော်မူသော သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက်ကြီး၏ (၇၅)နှစ်ပြည့် စိန်ရတုသဘင်နှင့် (၃၆)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲအခမ်းအနားကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မင်းကျောင်းနွယ်ဖွား တပည့်သံဃာတော်များနှင့် ဒါယကာများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် – ၁၃ရစခုနှစ်၊ ကဆုန်လဆန်း(၁၀)ရက် ၂၅-၄-၂၀၂၆ (စနေနေ့)

အချိန် – နံနက်(၈)နာရီမှ(၁၁)နာရီထိ နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးပါမည်။ မွန်းတည့်(၁၂)နာရီတွင် စိန်ရတုသဘင်နှင့် အာစရိယပူဇော်ပွဲ စတင်ကျင်းပပါမည်။

နေရာ – အဂ္ဂမဟာရွှေမော်တွာဆွမ်းစားကျောင်းဆောင်ကြီး။ မင်းကျောင်းပထမပြန်စာသင်တိုက်၊ သန်လျင်မြို့။

အခမ်းအနားကျင်းပရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊ ဦးလင်းလမ်း၊ မြေကွက်အမှတ်(၉၁၅)၊ အကျယ်အဝန်း (၄၁၀ပေ × ၆၀ပေ)ရှိ ဒေါ်စန်းစန်းရီ(၁၂/ပဘတ(နိုင်)၀၀၉၂၀၃)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မရွဲ့ မစ်တ် ရသေးသော မြေကွက်အမှတ်(၉၁၆)နှင့်ကပ်လျက်(၂၀.၅ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သင်းသင်းလတ် (၁၂/လမန(နိုင်) ၁၂၀၇၀၀)ထံမှ ကျွန်ုပ်ဒေါ်ကြည်မွေး(၇/ကသန(ဧည့်) ၀၀၀၀၆၃)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကြည်မွေး(၇/ကသန(ဧည့်) ၀၀၀၀၆၃)
၀၉ ၉၆၂၅၂၃၃၆၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ အိုးဝေလမ်း၊ မြေကွက်အမှတ်(၉၁၉)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ ဒေါ်ကျမ်လာ(ခ)ဒေါ်တင်အေး(*ISN-136505*)အမည်ပေါက်ပါမစ်မြေကွက်အနက်မှတရားဝင်မရွဲမစ်တ်ရသေးသောမြေကွက်အမှတ် (၉၁၈)နှင့်ကပ်လျက်ရှိသောအကျယ်အဝန်း(၂၀ပေ × ၆၀ပေ)ရှိပါမစ်မှရင်းခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုအရပ်ကတိ စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဒေါ်နုင်းလဲ့လဲ့ဝင်း(၁၂/ဥကမ(နိုင်)၀၁၆၉၉၇)ထံမှငွေကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီး ဖြစ်ပါသည်။အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သီရိ(ခ)ဒေါ်ဝင်းမြင့်
ဦးဝင်းမြင့်(ခ)ဦးဝင်းမြင့်

မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရွေ့ကယာဉ်ကို လုံးဝကျော့တက်ခြင်း မပြုရသည့်နေရာများ(နည်း၃ပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရွေ့က မော်တော်ယာဉ်ကို လုံးဝကျော့တက်ခြင်းမပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ၊ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြော်အတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ် များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေ နိုင်သည့် အခြေအနေ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ နောက်လယ်ရပ်ကွက်၊ အကွက်အမှတ်(၂၇) ရွာသစ်ကွင်း။ မြေကွက်အမှတ်(၈၀/၁၄၂)။ မြေစရိယာ ၀ ဒသမ ၀၄၀ ဧကအား မြေဌားဂရန်အမှတ္တဲ့အမှတ် ၂၂/၁၉၇၈-၁၉၇၉အရ ဦးချစ်ထုံးအမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ ကွယ်လွန်ခဲ့သဖြင့် မြေများဖြစ်သည့် ဦးတင်မြင့် ပါ(၇) ဦးတို့မှ ပိုင်ဆိုင်ကြောင်းဖြင့်ကြဲကွက်ဟကြေငြာလွှာစာရွက်အမှတ် (၁၄၄/၂၀၂၄)ဖြင့် ဖြတ်ဟကြေငြာခဲ့ပါသည်။ အဆိုပါမြေနေးဂရန်အား (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးတင်မြင့် ၆/ကသန(နိုင်)၀၀၆၂၉၇ ပါ(၇)ဦးတို့ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မိတ်ဆက်ခံ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃၀ အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ကော်လင်တွော်အရာရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ ဥသာ-ဖရဝ်ကွက်/ကျေးရွာအုပ်စု၊ ကွင်း/မြေတိုင်းအမှတ်(၁၆)၊ ဦးပိုင်/မြေကွက်အမှတ်(၃၀၀-၁)၊ မြေစရိယာ(၀.၀၃၇)ဧကရှိမြေအား ဦးရှိန်း-ဒေါ်စန္ဒာမင်းမှ ခွဲစိတ်အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဝန်ခံစာချုပ်ချုပ်ဆိုပြီးဖြစ်သည့်အတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့် အမည်- ၈/ဆေးရေး၊ ဦးပိုင်အမှတ် ၁၈၇၊ စရိယာ(၀.၁၁၉)ဧကခန့်၊ ဦးပိုင် အမှတ် ၂၇၊ စရိယာ(၀.၁၁၈)ဧကရှိသော ဘိုးဘိုးမြေကွက်များနှင့် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံမှတ်ပုံတင်စာချုပ်အမှတ်- ၀၃၉/၂၀၂၆ ဖြင့် စွန့်လွှတ်စာချုပ်မှတ်ပုံတင်အမှတ် ၀၃၃/၂၀၂၆ ဖြင့် ချုပ်ဆိုဖြီးဖြစ်သည့်အတွက် ဦးမြတ်ဘုန်းဟန်နှင့် ဒေါ်အိသင်းအောင်တို့မှ မိမိတို့၏အရည်ဖြင့် ဘိုးဘိုးပိုင် အမည်ပြောင်းလျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁) လအတွင်း စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဘိုးဘိုးပိုင်အမည် ပြောင်းအား ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အိသင်းအောင်
ဦးမြတ်ဘုန်းဟန်
အမှတ်(၄၆)၊ လမ်းမတော်လမ်း၊ ကျောင်းကြီးဆိုးတန်းရပ်ကွက်၊ ပြည်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ၄/၃၃၆၀, Honda Click 125 I, m/c ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာဖြိုး၌/ကစန(နိုင်)၁၇၉၃၀၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည၁၊ ခရိုင်ရုံး(မြိတ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဂ၇ယ/၂၆၁၉, Honda Click 150 I , m/c ယာဉ်လက်ဝယ်ရှိသူ ဦးခေဝလင်းနိုင်၌/ကစန(နိုင်)၁၅၀၆၈၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည၁၊ ခရိုင်ရုံး(မြိတ်)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ထား၀ယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ စုစဉ်ရွာနေ၊ ဦး၀ါ၀ါ ၆/သရခ(နိုင်)၀၆၉၂၅၁ နှင့် ဒေါ်နီနီလွင် ၆/သရခ(နိုင်)၀၆၉၂၅၂ တို့၏သားဖြစ်သူ မောင်ညီသုတ ၆/သရခ(နိုင်)၁၄၁၂၄၈ သည် မိဘများ၏ပြောဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘဆွေမျိုးသားချင်းတို့ ၏ဂုဏ်သိက္ခာကျဆုံးစေခြင်း ပြုမူပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းအားသားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအ၀ဝကို လုံး၀ (လုံး၀)တာ၀န်မယူကြောင်း သိစေအပ်ပါသည်။

(စုစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦး၀ါ၀ါ၊ ဒေါ်နီနီလွင်

အမှန်တကယ် ကြည့်မည့် အချိန်၌သာ တီဗွီကိုဖွင့်ပါ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဂ၄ယ/၁၆၀၆၉, Honda Click 125 I , m/c ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်ထူး ၆/မမန(နိုင်)၁၈၃၁၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကည၁၊ ခရိုင်ရုံး(မြိတ်)

စာအုပ် စာပေ လူ့မိတ်ဆွေ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး၃၀ဒေအမိန့် ၅၅၊ နည်း၃ပဒေ ၂၀) မြိတ်မြို့နယ်တရားရုံး၌ ၂၀၂၆ ခုနှစ်၊ တရားမကြီးမူအမှတ် ၉

ဦးငွေဖန်ကျော်	နှင့် ဒေါ်ဖြိုးအိအိဇော်
(တရားလို)	**(တရားပြိုင်)**

တနသာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ အမှတ် (၂) ရပ်ကွက်၊ ငွေ့ဝေါ(၁)လမ်းနေ တရားပြိုင် ဒေါ်ဖြိုးအိအိဇော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထား ခဲ့ဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှန့် ဝန်ဆောင်မှုပေးရန် ခန့်အပ်ခံရသူ နေရပ်လိပ်စေ(သို့တည်းမဟုတ်)၎င်းအမှန့် ဝန်ဆောင်မှုရရှိသူ အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မေလ (၂၅) ရက်(၁၃ရစ ခုနှစ်၊ နယုန်လဆန်း (၁၀) ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို ခွဲဆိုချက်ကို ထုရေး ရှုင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချောတင်ပြအရှိပြုလိုသည့် စာချုပ်စာတမ်းအစ ရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ (သို့တည်းမဟုတ်) သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ခန့်အပ်ပို့လိုက်ရမည်။ သင်က ထုရေးလွှာတင်သွင်းလိုလျှင် အမှုမဆိုင်ခဲ့ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြေ (၁၀) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။ **(မျိုးမင်းဦး)**

တွဲဖက်မြို့နယ်တရားသူကြီး
မြိတ်မြို့နယ်တရားရုံး

ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထား ကြောင်းကြေညာစာ

ထားဝယ်မြို့၊ ကည်ရပ်ကွက်၊ အကွက်အမှတ် (၅၄)၊ အကွက်အမည် ကည်အကွက် ဦးပိုင်အမှတ်(၁၂၈)၊ မြေစရိယာ(၀.၀၅၉)ဧကရှိ အောက်ဖော်ပြ ပါအလားအလာရှိသည့်-

(က)အရှေ့လားသော်- ဒါနလမ်း
(ခ)အနောက်လားသော်- ဦးပိုင်အမှတ်(၁၂၉)-(၁၂)
(ဂ)တောင်လားသော်- ဦးပိုင်အမှတ်-(၁၂၇)
(ဃ)မြောက်လားသော်- ဦးပိုင်အမှတ်(၁၃၀.၁)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ) အမည်ပြောင်း) ပေးရန် ဒေါ်သန်းသန်းအေးမှ လျှောက်ထားလာ သည့် အတွက် ယင်း၏အမည်ကိုကြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ မေလ (၉) ရက်မတိုင်မီ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုး သူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက် ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက် သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်မြေစာရင်းဦးစီးဌာန၊ ထားဝယ်မြို့

ဖခင်အမည်မှန်

ကျွန်းစုမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျင်းပပြီးစီးခဲ့သော Grade-5 စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သည့် မောင်စွမ်းမြတ်အောင်နှင့် Grade-11စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သည့် မခူမြတ်နိုင် တို့၏ဖခင် ဦးသန်းနိုင်နိုင်း ၏အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စု စာရင်းအရ ဦးအေးသန်း (၆/ကစန(နိုင်) ၁၄၂၀၀၆)ဖြစ်ပါကြောင်း။ **ဦးအေးသန်း**

သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ (၇) မိုင်၊ ရွှေပြည်စိုးကျေးရွာနေ ဦးသိန်းဇော် ခ/သရခ(နိုင်)၀၆၂၀၆၂ နှင့်ဒေါ်စန္ဒာခိုင်(ကွယ်လွန်)တို့ ၏သားများ ဖြစ်သော ဒ/ခမက(နိုင်)၀၀၂၇၉ ကိုင်ဆောင်သူ မောင်ကျော်လင်းထက်နှင့် ဒ/ခမက(နိုင်)၀၀၃၇၁၁ ကိုင်ဆောင်သူ မောင်ပိုင်လင်းထက် တို့သည် ဖခင်ဖြစ်သူ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိသည့်အပြင် ဖခင်ဖြစ်သူအား စိတ်ဆင်းရဲကျော်ရောက်အောင် အကြိမ်ကြိမ်ခြခခါခါပြုလုပ်၍ မိမိတို့၏သဘောဆန္ဒများအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းတို့အား သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီ ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ နောက်နေ့ဝင် ၎င်းတို့နှင့် ပတ်သက်သည့်မည်သည့်သောကိစ္စမျိုးကိုမဆို လုံး၀(လုံး၀)တာ၀နယ်မှုဖြေရှင်းပေးမည် မဟုတ်ပါ။ **စုစမ်းမေးမြန်းခြင်းသည်းခံပါ။**

ဦးသိန်းဇော်

အပျက်ပြောင်း

ထားဝယ်မြို့၊ ထိန်ဟောင်းရပ်၊ ကျိုက်ထီးရိုးလမ်းနေ (၁၁) ဦးမင်းလတ် ဖ/ထဝန(နိုင်)၀၁၂၅၁ ၏ သား အမက(ထိန်ဟောင်း) Grade-2 မှ မောင်ဘုန်းမြတ်စိုး အား ယနေ့မှစ၍ မောင်ဘုန်းမြတ်ဟိန်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဘုန်းမြတ်ဟိန်း

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးသန်းထွေး နှင့် ဒေါ်ဝေဝေမြိုင် တို့၏ သားဖြစ်သူ ကော့သောင်းမြို့၊ အထက(ခွဲ)အလက(၂)၊ Grade-3 မှ မောင်ထက်အာကာကျော် နှင့် မောင်ထက်ကောင်းလင်းပြည် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်ထက်အာကာကျော်(ခ)
မောင်ထက်ကောင်းလင်းပြည်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/5522, ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညိုမိသိမ်း (ခ) ညိုမိသိန်း ၇/ထတပ(နိုင်) ၀၅၅၅၁၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက နိုင်ငံလုံးသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကည၁၊ ခရိုင်ရုံး(တောင်ငူ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/29902, ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းခမ်းလွင် ၇/ထတပ(နိုင်) ၀၂၅၆၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်ငံလုံးသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည၁၊ ခရိုင်ရုံး(တောင်ငူ)

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
၁	၀၃/မမ/ CE	(1"x1½") အရွယ် (စက်ခွဲ) လစ်းခင်းကျောက်(၁၀၀၀၀)ကျင်းအား အောက်ပါ (ဘူတာ/ ကျောက်စုပ်ကွင်း) အရောက် ဝယ်ယူရန် (မှတ္တပုံ = ၅၀၀၀ ကျင်း၊ ရွှေတံခါး = ၅၀၀၀ ကျင်း)

တင်ဒါဝိတ်မည့်နေ့/အချိန် - (၂၇.၄.၂၀၂၆) နေ့လည် (၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် (၂၀.၄.၂၀၂၆) ရက်နေ့မှ စတင်၍ ရုံးချိန် အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ ဖေးမခြန်းဆိုင်ပါသည်။

ဆောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၂)ရပ်ကွက်၊နယ်မြေ(၈)၊အကွက်အမှတ်(၃၅/စ)ရေးကုန်းရပ်)၊ ဦးပိုင်အမှတ်(၂၁)၊ ဧရိယာ ၀.၁၅ ဧကသည် အမွေတွဲအမှတ်(၈၃-၅/၁၉၈၃-၈၄)အောက်အမှတ်(၃၅/အစ)ဖြင့် ခေါ်မြေမြှုပ်နှံ ၁၂/အစ၅(နိုင်) ၁၃၄၃၁ အမည်ပေါက် မြေကွက်၏ ဧရိယာ ၀.၁၅ ဧကအနက် ဧရိယာ ၀.၀၇၆ ဧကအား ခေါ်မြေမြှုပ်နှံ၏ အထူးကိုယ်စားလှယ်ရှိသူ ဦးမျိုးသက်နိုင် ၁၃/လရန (နိုင်)၀၈၂၃၀၁၃ မှ ဈေးဝယ်သူ ဦးမြင့်မောင်(၁၃/လရန(နိုင်)၀၁၄၆၆၇) ဦးအောင်ဆင်သိန်း ၁၃/လရန (နိုင်)၀၉၂၃၀၆ နှင့် ဦးကျော်ဆန်းသိန်း(၁၃/လရန(နိုင်) ၁၀၃၂၆၉) ထံသို့လည်းကောင်း ခေါ်ဆင်းခြင်းဖြင့်နှင့်ခင်ပွန်းဖြစ်သူ ဦးမြင့်ဇော်ထွန်းတို့ ကွယ်လွန်သွားခဲ့ပြီး သစ်ဖြစ်သူခေါ်ပြီဖြစ်ပေါ်သူ(၁၃/လရန(နိုင်) ၁၃၂၂၅)မှ အမွေဆက်ခံခိုင်ဆိုင်ကြောင်း ကြေညာစာချုပ်၂၇၃/မ၂၀၂၂ဖြင့်လည်းကောင်း အဆင့်ဆင့်ပိုင်ဆိုင်ခဲ့ပြီး ဦးကျော်ဆန်းသိန်းနှင့် ဒေါ်ငြိမ်းငြိမ်းဇော်သူတို့ (၂) ဦးမှ စာချုပ်အမှတ်၃၀၇၂/၂၀၂၂ဖြင့်ဦးအောင်ဆင်သိန်း ထံသို့ခွန့်လွှတ်ပြီး ဖြစ်သဖြင့် ဦးပိုင်ခွဲစိတ်ခွင့်ပြုပါရန် ဦးအောင်ဆင်သိန်း(၁၃/လရန(နိုင်)၀၁၂၃၀၆)မှ လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်ခု တစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက် (၃၀) အတွင်း အထောက်အထားဆိုင်ရာစွဲချင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်ုန်းကျွန်းမြို့နယ်၊ ငဲမိုရိပ်ရပ်ကွက်၊ လေးထောင့်ကန့်လမ်းကြီး၊ (ငဲမိုရိပ်လမ်း)။ အပိုင်း(၅)၊ အမှတ်(၈၈၀)ရိုအလျား ၁၂ ပေ့ ပေ x အနံ ပေ ၅၀ ရှိ နှစ်ခန်းတွဲ ၆ ထပ်တိုက်အဆောက်အအုံ၏တတိယထပ်(ခေါင်းရင်း ခန်း)၏ အကျိုးခံစားခွင့်အရပိုင်ဆိုင်ခွင့် ခေါ်သွားလွင် ၁၂/သကတ(နိုင်)၁၃၃၀၃၅ မှ ဖြေရှင်းနှင့်ကန်ထရိုက်တာ ကတိစာချုပ်အရ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှိ လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုရှိ ရောင်းချလာသဖြင့် အဆိုပါတိုက်ခန်းအားအပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်ဒေါ်ကြည်ကြည်အား ဂ/ပန၀ (နိုင်) ၄၀၂၂၆၆ မှ အဆိုပါတိုက်ခန်းကို ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စာရွက်စာတမ်းများဖြင့် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ငြိုးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ကြည်ကြည်အေး ဂ/ပန၀(နိုင်)၄၀၂၂၆၆
အမှတ်(၅၀၈)၊ ငဲမိုရိပ်(၄)လမ်း၊ ငဲမိုရိပ်ရပ်ကွက်၊ သဃ်ုန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၉၇၇၉၃၀၇၇

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၇၅)၊ မြေကွက်အမှတ်(၃၉၀)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ဦးသန်းမြင့် (TKI-00317) အမည်ပေါက် မြေချပ်ဓာတ်မြေကွက်ထဲမှ တရားဝင် ဝန်ခံထိတ်ရသေးသော အကျယ်အဝန်း (၁၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ အမှတ်(၃၉၀) ရွှေသစင်(၁၁)လမ်း၊ (၅၅) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်တိုက်အား အရပ် ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်ဝင်ဖြင့် ဝယ်ယူထားပြီး လက်ရှိ လက်ရောက်ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးကျော်စွာဟိန်း ၁၂/မရက(နိုင်)၀၄၀၂၃၁၀၆ မှ ကျွန်ုပ်ဏာမိတ်ဆွေ ဒေါ်စိုးမြတ်သူ ၁၁/စဘန (နိုင်)၀၈၄၀၇၅ ကဲ့သို့ အပြီး အပိုင်ဝယ်ယူရန်သဘောတူသည့်အလျောက် စရန် ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက် အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အပြီးသတ်စာချုပ် ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ လွဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ
အမှတ်(၅၁၁)၊ မြေညီထပ်(ဘီ)၊ ဖျိုင်းရေအိုးစင်လမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၀၉-၅၁၀၀၃၆၉၈၊ ၀၉-၅၁၁၈၅၆၀၊
၀၉-၄၂၀၀၆၆၆၆၈၊ ၀၉-၉၅၅၃၅၅၅၄

ဘိုးဘဝိုင်း/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

တောင်ငူမြို့၊ မိုးကောင်းကျေးရွာအုပ်ရာ၊ ကွင်းအမှတ်-၄၈၇၊ ကွင်းအမည်-မိုးကောင်းကွင်း၊ ဦးပိုင်အမှတ်-(၆-င)၊ ဧရိယာ(၀ ဒသမ ၀၅) ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည်-

(က) အရှေ့လားသော် - ဦးပိုင်(၆-စ)၊
(ခ) အနောက်လားသော် - ဦးပိုင်(၆-ဃ)၊
(ဂ) တောင်လားသော် - သံတောင်ကားလမ်း၊
(ဃ) မြောက်လားသော် - မင်းဘုရားကြီးပေါက်ချောင်း။

အထက်ဖော်ပြပါမြေကို(ဘိုးဘဝိုင်းအမည်ပြောင်း)ပေးရန် ခေါ်တင်တင်အေးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမေးထိုက်ကြောင်း၊ ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်နေ့မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသွားထဲ့ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ် ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
တောင်ငူမြို့နယ်မြေစာရင်းဦးစီးဌာန၊ တောင်ငူမြို့

ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၄-၂၀၂၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၁ပါ အမည်ပေါက် ဒေါ်ဖြူဖြူသန်း၊ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဒေါ်ခင်မိမိအောင်၏ မှတ်ပုံတင် နံပါတ် ၅/မရန(နိုင်)၀၀၉၅၁၀ အစား ၅/မရန(နိုင်)၀၀၉၅၁၈ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ ဒေါ်ခေါသန္တာထွန်း (၉/ခမစ(နိုင်)၀၄၇၁၇၄ နှင့် ဒေါ်မြတ်သန္တာထွန်း သည် အမည် (၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေစေးအသုံးစရိတ်ဖြင့် စီမံကိန်းဦးစီးဌာန၊ မန္တလေးရုံးခွဲ (၆၀" x ၃၀' x ၂၃') RC (၂) ထပ် (မြို့ပြ) ရေ ဒီး၊ မိလ္လာနှင့် Apron & Drain အပါ (၁) လုံး ကုန်ဆောက်ခြင်းလုပ်ငန်းကို အိတ်ဖွင့်တင်ဒါ စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ ပြည်တွင်းလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင် ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

၂။ တင်ဒါတင်ကြေးသွင်းလိုသူများသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါ အာမခံကြေးငေးသွင်းပြီးမှ အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက် - (၂၀-၄-၂၀၂၆) ရက်မှ (၆-၅-၂၀၂၆) ရက်ထိ
(ခ) တင်ဒါပိတ်သိမ်းမည့်ရက် - (၇-၅-၂၀၂၆) ရက်၊ (၁၆:၃၀) နာရီ
(ဂ) တင်ဒါရောင်းချမည့်နေရာ - စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ၀န်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန၊ ရုံးအမှတ် (၁၅)၊ နေပြည်တော်
(ဃ) တင်ဒါတင်သွင်းရမည့်နေရာ - စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန၊ ရုံးအမှတ် (၁၅)၊ နေပြည်တော်
(င) တင်ဒါဖွင့်လှစ်မည့်ရက် - ထပ်မံအကြောင်းကြားသွားပါမည်။

၄။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက စီမံကိန်းဦးစီးဌာန၊ ဖုန်း-၀၆၇-၃-၄၁၀၁၆၀ ဝ၆၇-၃-၄၁၀၁၆၆ တို့သို့မဟုတ် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စီစစ်ရေးကော်မတီ
စီမံကိန်းဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း၀န်ကြီးဌာန၌ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော် (ထိုနေ့သိမ်းရေး)မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများအတွက် တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလို ပါသဖြင့် ဌာနမှ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော် (ထိုနေ့သိမ်းရေး) ရှေ့နေ့ဝန်ထမ်းများဖြစ်ကြပြီး ယခုအခါတွင် တရားဝင်ထိမ်းမြားလက်ထပ်ရန်ရည်ရွယ်ကာ မင်္ဂလာကိစ္စအား စီစဉ်ဆောင်ရွက်နေသူများဖြစ်ကြပါသည်။ လူကြီးမင်းတို့သည် ဦးသော်ဇင်ထွန်း၏ မိဘအရင်းများဖြစ်ကြသော်လည်း ယခုမင်္ဂလာကိစ္စအား ဆောင်ရွက်နေစဉ်ကာလတွင် လူကြီးမင်းတို့မှ ဒေါ်သိမ့်သိမ့်ဇော်နှင့် တကွ မိဘဆွေမျိုးများသူငယ်ချင်းမိတ်ဆွေများအားလည်းကောင်း၊ လူကြီးမင်းတို့၏ သားဖြစ်သူ ဦးသော်ဇင်ထွန်း၏သူငယ်ချင်း မိတ်ဆွေများကြားတွင် လည်းကောင်း၊ လူမှုကွန်ရက်စာမျက်နှာဖြစ်သော viber, Facebook,tiktokများတွင်အသံဖိုင် များပေးပို့ကာ ဂုဏ်သိက္ခာထိခိုက်စေရန် တစ်ဖက်သား၏ ကိုယ်ကျင့်တရား များအား ထိပါးစော်ကားပြီးထိခိုက်နှစ်နာစေသည့်စကားလုံးများနှင့် ရိုင်းစိုင်း သော အပြုအမူအပြောအဆို ရည်ရွယ်ရေးသားမှုများ လုပ်ဆောင်နေသည် ကို သိရှိရပါသည်။

အဆိုပါပြုမူဆောင်ရွက်မှုများအား မိဘများဖြစ်နေသည့်အတွက် ထောက်ထားကာ သည်းခံခဲ့ပါသော်လည်း ယခုအခါတွင် လူကြီးမင်းတို့သည် တစ်ဖက်သား၏ ကိုယ်ကျင့်တရားများအား ထိပါးစော်ကားပြီးထိခိုက်နှစ်နာ စေသည့်စကားလုံးများနှင့် ရိုင်းစိုင်းသောအပြုအမူအဆိုအရေးအသား များကို Viber, Facebook, tiktok များတွင် တိုက်ရိုက်ဖြစ်စေသူယိုဝိုက်၍ဖြစ်စေ ပြောဆိုခြင်းရေးသားခြင်းမပြုလုပ်ပါရန်နှင့် အကယ်၍ လိုက်နာ ဆောင်ရွက်ခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်နေခြင်းများ တွေ့ရှိပါက ကျွန်ုပ်၏မိတ်ဆွေ ဦးသော်ဇင်ထွန်းနှင့် ဒေါ်သိမ့်သိမ့်ဇော်တို့မှ ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည်ကို အများသိစေရန်ကြေညာအပ်ပါသည်။

ဦးသော်ဇင်ထွန်းနှင့် ဒေါ်သိမ့်သိမ့်ဇော်တို့၏လွဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခင်မာမြင့် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၂၀)
အမှတ်- ၄၈၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၂၅၅၆၁၂၂၀

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ - ၂၀)
မော်လမြိုင်ခရိုင်တရားရုံးတော်၌
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၀

ဦးမာမက်ရာဆင် နှင့် ဒေါ်မေသူအောင်
တရားလို တရားပြိုင်

ကျွန်ုပ်ထိုမြို့၊ ကော့စံနိုင်ရပ်ကွက်၊ အေးရိပ်ငြိမ်း ၂ လမ်းနေသူ တရားပြိုင် ဒေါ်မေသူအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမာမက်ရာဆင်က လင်မယားကွာရှင်းပြတ်ခဲ့ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၄) ရက် (၁၃စ၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်က အမည်ပါသူ တရားလိုဏ်အဆိုလွှာကို ထုချေရုံးလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကျယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအဖို့ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုဆိုင်ခိ မလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ် ဧပြီလ ၆ ရက်တွင် ဤရုံးတော်ဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(မေလင်းသက်)
ဒုတိယခရိုင်တရားသူကြီး (၂)
မော်လမြိုင်ခရိုင်တရားရုံး

ဦးသန်ဇင် ၈/မထန (နိုင်)၀၇၆၆၆၄
ဒေါ်မိုးစန္ဒာ ၁၂/ ဥကမ(နိုင်)၀၇၉၂၆ တို့နှင့် အများသိစေရန်ကြေညာခြင်း

ဧည့်သည်ကိုးဦးပါးနိုင်ငံခြားသော်ဇင်ထွန်း ၁၂/ဥကမ(နိုင်)၀၉၁၁၁ နှင့် ဇရာဝတီတိုင်းဒေသကြီး ၊ မော်လမြိုင်ကျန်းမြဲနယ်မြေ ဒေါ်သိမ့်သိမ့်ဇော် ၁၄/မမက (နိုင်)၀၆၆၉၂၂၀ တို့ ၏လှည်အပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ကျန်ရစ်ဝါဒီမိတ်ဆွေဖြစ်သော ဦးသော်ဇင်ထွန်းနှင့် ဒေါ်သိမ့်သိမ့်ဇော်တို့သည် ကျန်းမာသန်စွမ်း အသက်အရွယ်ပြည့်ဝီကာလွတ်လပ်သောသူများဖြစ်ကြပြီး ယခုအခါတွင် တရားဝင်ထိမ်းမြားလက်ထပ်ရန်ရည်ရွယ်ကာ မင်္ဂလာကိစ္စအား စီစဉ်ဆောင်ရွက်နေသူများဖြစ်ကြပါသည်။ လူကြီးမင်းတို့သည် ဦးသော်ဇင်ထွန်း၏ မိဘအရင်းများဖြစ်ကြသော်လည်း ယခုမင်္ဂလာကိစ္စအား ဆောင်ရွက်နေစဉ်ကာလတွင် လူကြီးမင်းတို့မှ ဒေါ်သိမ့်သိမ့်ဇော်နှင့် တကွ မိဘဆွေမျိုးများသူငယ်ချင်းမိတ်ဆွေများအားလည်းကောင်း၊ လူကြီးမင်းတို့၏ သားဖြစ်သူ ဦးသော်ဇင်ထွန်း၏သူငယ်ချင်း မိတ်ဆွေများကြားတွင် လည်းကောင်း၊ လူမှုကွန်ရက်စာမျက်နှာဖြစ်သော viber, Facebook,tiktokများတွင်အသံဖိုင် များပေးပို့ကာ ဂုဏ်သိက္ခာထိခိုက်စေရန် တစ်ဖက်သား၏ ကိုယ်ကျင့်တရား များအား ထိပါးစော်ကားပြီးထိခိုက်နှစ်နာစေသည့်စကားလုံးများနှင့် ရိုင်းစိုင်း သော အပြုအမူအပြောအဆို ရည်ရွယ်ရေးသားမှုများ လုပ်ဆောင်နေသည် ကို သိရှိရပါသည်။

အဆိုပါပြုမူဆောင်ရွက်မှုများအား မိဘများဖြစ်နေသည့်အတွက် ထောက်ထားကာ သည်းခံခဲ့ပါသော်လည်း ယခုအခါတွင် လူကြီးမင်းတို့သည် တစ်ဖက်သား၏ ကိုယ်ကျင့်တရားများအား ထိပါးစော်ကားပြီးထိခိုက်နှစ်နာ စေသည့်စကားလုံးများနှင့် ရိုင်းစိုင်းသောအပြုအမူအဆိုအရေးအသား များကို Viber, Facebook, tiktok များတွင် တိုက်ရိုက်ဖြစ်စေသူယိုဝိုက်၍ဖြစ် စေပြောဆိုခြင်းရေးသားခြင်းမပြုလုပ်ပါရန်နှင့် အကယ်၍ လိုက်နာ ဆောင်ရွက်ခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်နေခြင်းများ တွေ့ရှိပါက ကျွန်ုပ်၏မိတ်ဆွေ ဦးသော်ဇင်ထွန်းနှင့် ဒေါ်သိမ့်သိမ့်ဇော်တို့မှ ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည်ကို အများသိစေရန်ကြေညာအပ်ပါသည်။

ဦးသော်ဇင်ထွန်းနှင့် ဒေါ်သိမ့်သိမ့်ဇော်တို့၏လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခင်မာမြင့် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၂၀)
အမှတ်- ၄၈၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၂၅၅၆၁၂၂၀

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
အောင်မြေဘာစံခရိုင်တရားရုံး
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၀

၁။ ဒေါ်တင်တင်ထွေး နှင့် ဦးဝင်းကိုကို(ခ)ဦးတူး
၂။ မောင်ဘုန်းမြင့်ထွန်း(အရွယ်ရောက်သေးသူ)ရင်းခံ၊ မိခင်ဆွေ ဒေါ်တင်လတ်ထွေး
တရားလိုများ တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အောင်မြေဘာစံမြို့နယ်၊ ဒေါနဘွား ရပ်ကွက်၊ ၁၉ လမ်း၊ ၅၅ ဘီ x ၁၇ လမ်း၊ ဧကပေါ်ဦးစာသင်ကျောင်းအနီး၊ ဒေါက်တာငယ်သူဖြစ်ရေ ဦးဝင်းကိုကို(ခ)ဦးတူး (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလိုများက နစ်နာကြေး ကျပ်သိန်း (၃၅၀) တိတိ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက် (၁၃စ၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလိုဏ်အဆိုလွှာကို ထုချေရုံးလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရှေ့နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကျယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအဖို့ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်တွင် ဤရုံးတော်ဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ချောစဝင်း)
ဒုတိယခရိုင်တရားသူကြီး (၃)
အောင်မြေဘာစံခရိုင်တရားရုံး



ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး ပြည်တွင်းသုံး မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည့် ရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၆-၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ်)

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် တပ်ဆင်အသုံးပြုရန်အတွက် ရုံးသုံးစက်ပစ္စည်း (၄) မျိုးနှင့် ပရိဘောဂ (၁) မျိုးတို့ကို ပြည်တွင်းသုံး မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် လိုက်နာဆောင်ရွက်ရန် အချက်များကို (၁) စုံလျှင် ကျပ် ၁၀,၀၀၀/-နှုန်းဖြင့် (၂၀-၄-၂၀၂၆) ရက်မှ (၁၁-၅-၂၀၂၆) ရက်အထိ နံနက် (၀၉:၃၀) နာရီမှ (၁၆:၃၀) နာရီအထိ ရုံးချိန်အတွင်း ရုံးအမှတ်(၇) ပြန်ကြားရေး ဝန်ကြီးဌာန၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၁၅-၅-၂၀၂၆) ရက် (၁၆:၃၀) နာရီတွင် နောက်ဆုံး ထားရှိရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရွေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ (**သတ်မှတ်ချိန်ထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။**)

၄။ အိတ်ဖွင့်တင်ဒါပုံစံ၊ လိုက်နာဆောင်ရွက်ရန်အချက်များနှင့် ရုံးသုံးစက်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါ လိပ်စာတွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စီစစ်ရေးကော်မတီ
ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း- ၀၆၇-၃၄၁၂၉၈၊ ၀၆၇- ၃၄၁၂၇၇

အများသိစေရန် ကြေညာချက်

